# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 17 January 2022 ၁၀၆၂၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၆

| | | |
|---|---|---|
| ဟားခါး | ၄ | ဒီဂရီစင်တီဂရိတ် |
| တွန်းဇံ | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၆ | ဒီဂရီစင်တီဂရိတ် |



ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလှောင်ဆည်ကို တွေ့ရစဉ်။

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းနှမ်း ဧက ၆၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

ပွင့်ဖြူ ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေကို အမှီပြု၍ နွေနှမ်းဧက ၆၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် တောင်သူများ နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၂ ခုနှစ် မတ် ၁၅ ရက်တွင် မဲဇလီရေလှောင်ဆည်မှ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့ကို စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလှောင်ဆည်မှ ဆည်ရေကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေ

စာမျက်နှာ ၈ ကော်လံ ၄ သို့ ✻

**ယနေ့** ဖတ်စရာ

### ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံရောက်ရှိ





စာမျက်နှာ » ၉

### ရေပျော်မော်ကင်းတို့ မြေမှ ဗိတ်ခေါ်ပါသည်



ဆောင်းပါး စာမျက်နှာ » ၆

### ပွင့်လင်းရာသီ မီးဘေးအန္တရာယ် သတိရှိကြစေချင်



ဆောင်းပါး စာမျက်နှာ » ၁၀

### မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်ရှည်သီးနှံပင်ဖြစ်သည့် ပိုးစာပင်စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိ

စာမျက်နှာ » ၁၁

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၃ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၆၀ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

ကြေးမုံ

# ဆီစားသုံးမှုကိုလျှော့ချ ဆီထွက်သီးနှံတိုးတက်စိုက်ပျိုး

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများကျန်းမာရေးကို အလေးထားရှေးရှုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်သူများ ကိုယ်စီကျန်းမာသောဘဝကို ပိုင်ဆိုင်ကာ နိုင်ငံအတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် စားသုံးဆီနှင့်ပတ်သက်၍ မကြာခဏလမ်းညွှန်မှာကြားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူအများစုသည် ထုံးတမ်းစဉ်လာဓလေ့အရ စားသောက်ဖွယ်ရာများတွင် ဆီကိုမဖြစ်မနေ နှစ်ခြိုက်မက်မောစွာသုံးစွဲကြသည်။ လူတစ်ဦးချင်းအနေဖြင့် ဆီစားသုံးမှုမြင့်မားသဖြင့် စားအုန်းဆီကိုပြည်ပမှ နှစ်စဉ် တန်ချိန်များစွာ တင်သွင်းနေရသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စားအုန်းဆီကို အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ခန့် တင်သွင်းခဲ့ရသဖြင့် နိုင်ငံတော်က နိုင်ငံခြားငွေကြေး အမြောက်အမြားသုံးစွဲခဲ့ရသည်။

ပညာရှင်များတွက်ချက်မှုအရ ကျန်းမာရေးအတွက် လူတစ်ဦး၏ တစ်ရက်ဆီလိုအပ်ချက်သည် ၁ ဒသမ ၅ ကျပ်သားခန့်ဖြစ်ပြီး တစ်နှစ်လျှင် ခြောက်ပိဿာခန့်သာ စားသုံးသင့်သည်။ သို့သော် လူတစ်ဦးချင်းအနေဖြင့် အဆိုပါပမာဏထက်များပြားကျော်လွန်ကာ စားသုံးနေကြသည်ကိုတွေ့ရသည်။ ယင်းတို့တွင် မသန့်ရှင်းသောဆီ၊ အရောအနှောဆီများလည်း ပါဝင်တတ်သဖြင့် ပြည်သူများ ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မိသည်။ ဆီကိုလိုသည်ထက် ပိုမိုစားသုံးခြင်းကြောင့် အဝလွန်ရောဂါ၊ အဆီဖုံးရောဂါ၊ သွေးကြောအဆီပိတ်ရောဂါနှင့် အခြားဆက်စပ်ရောဂါများ ဖြစ်ပွားတတ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများ လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ဈေးနှုန်းသက်သာသောစားအုန်းဆီကို ပြည်ပမှနှစ်စဉ်ဝယ်ယူတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ မလိုအပ်ဘဲ ယိုဖိတ်မှုဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာအတွက် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသောနိုင်ငံဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးကို နိုင်ငံတော်၏ ဆန်အိုးကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသည့် တနင်္သာရီတိုင်းဒေသကြီးကိုလည်း နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ အလားတူ မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင်လည်း ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထို့ကြောင့် စားသုံးဆီကို ပြည်ပမှ မှာယူတင်သွင်းစရာမလိုဘဲ ပြည်တွင်း၌ ဆီထွက်သီးနှံအမျိုးမျိုးတို့ တိုးတက်စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်သည်။ ဆီအုန်းပင်သည် စားသုံးဆီအတွက်သာမက စက်မှုကုန်ကြမ်းသီးနှံပင်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ကြဖို့လိုအပ်သည်။ နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးတွင် မျိုးကောင်းမျိုးသန့်ဆီအုန်းပင်များစိုက်ပျိုးရေး၊ မြေကောင်းမွန်ရေးနှင့် ရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို အလေးထားဆောင်ရွက်လျှင် ဆီထွက်သီးနှံအထွက်တိုးလာမည်ဖြစ်သည်။ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများ၊ ဆီကြမ်းထုတ်လုပ်ရေးစက်ရုံများပုံမှန်လည်ပတ်လာနိုင်လျှင် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်သည်။

ဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် နိုင်ငံတော်က မြေဧကများစွာချထားပေးခဲ့ပြီးဖြစ်ရာ စိုက်ပျိုးမြေများတွင် အမှန်တကယ်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည်။ ယခုအခါ စိုက်ပျိုးမြေအချို့တွင် အမှန်တကယ်စိုက်ပျိုးခြင်းမရှိသည်များလည်းရှိနေရာ လက်တွေ့အကောင်အထည်ဖော်လိုသည့် လုပ်ငန်းရှင်များနှင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိနေသည်။ စိုက်ပျိုးနိုင်ခြင်းမရှိရသည့် အကြောင်းရင်းကို ပွင့်လင်းမြင်သာစွာချပြပြီး နည်းလမ်းအဖြေရှာပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိစိုက်ပျိုးနေကြသည့် ဆီအုန်းလုပ်ငန်းရှင်များအနေဖြင့်လည်း ဆီအုန်းပင်များအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်နှင့် ဆီအုန်းများမှ ပြည်သူများလိုအပ်သည့်စားအုန်းဆီများ သတ်မှတ်ချက်အတိုင်း ထုတ်လုပ်ကြရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် ဆန်ပြီးလျှင် ဆီသည် အဓိကစိုက်ပျိုးထုတ်ကုန်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူနှင့်နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံအမျိုးမျိုးကို တိုးတက်စိုက်ပျိုးကြရမည်ဖြစ်သည်။ အထူးသဖြင့် စားအုန်းဆီစိုက်ပျိုးထုတ်လုပ်ရေးကို ပြည်ပမှ မှာယူတင်သွင်းမှုလျှော့ချနိုင်ရန်အတွက် ပြည်တွင်း၌ ဆီအုန်းပင်စီမံကိန်းများ အောင်မြင်ဖြစ်ထွန်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း စားသုံးဆီများကို လျှော့ချသုံးစွဲခြင်းဖြင့် မိမိတို့၏ကျန်းမာရေးကို အထောက်အကူပြုသည့်အပြင် ကုန်ကျစရိတ်လည်း လျော့နည်းသက်သာလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများ ကုန်ကျစရိတ်သက်သာရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရေးနှင့် နိုင်ငံခြားငွေ အပိုကုန်ကျမှုလျှော့ချရေးအတွက် စားသုံးဆီကို လျှော့ချသုံးစွဲကြရန်နှင့် ဆီအုန်းအပါအဝင် ဆီထွက်သီးနှံအမျိုးမျိုးတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်ကြရန် အထူးမေတ္တာရပ်ခံတိုက်တွန်းအပ်ပါကြောင်း။ ။


ပြည်ထောင်စုအကျိုး သယ်ပိုးဖို့
အသိပညာ မြှင့်တင်စို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။


## သံဖြူဇရပ်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ ရေပေးဝေရေးလုပ်ငန်းနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကွင်းဆင်းစစ်ဆေး**

သံဖြူဇရပ်မြို့နယ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၅၄ သန်းဖြင့် နှစ်ကိုင်းကျေးရွာနှင့် ဒုံဂနိကျေးရွာများတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် နွေရာသီရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဒရယ်ဖြူကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းများကို မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## တောင်ကြီးမြို့ရှိ ရပ်ကွက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်



**တောင်ကြီး ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (Mini Budget) အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် မြို့နယ်အတွင်းရှိ ရပ်ကွက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်အတွင်းရှိ ပန်းတင်လမ်း၊ အေးစေတီလမ်းဆုံမှ ငွေစန္ဒာလမ်းအထိ လမ်းနယ်ချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ ရေမြောင်းချဲ့ခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေအေးကွင်းရပ်ကွက်အတွင်းရှိ ပန်းသစ္စာလမ်း လမ်းနယ်ချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ ရေမြောင်းချဲ့ခြင်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

## စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် နိုင်ငံ၏စီးပွားရေး ပြန်လည်တိုးတက်မှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်သည့် နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဦးစားပေးပြီး အားပေးဆောင်ရွက်ပေးလျက်ရှိသဖြင့် နိုင်ငံစီးပွားရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ အလားတူ စက်ရုံအလုပ်ရုံများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကြောင့် စက်ရုံအလုပ်ရုံအချို့ ရပ်နားထားခဲ့ရသော်လည်း ယခုအခါ စက်ရုံအလုပ်ရုံ အချို့မှလွဲ၍ စက်ရုံအလုပ်ရုံအားလုံးနီးပါး ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၀-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ဒီမိုကရေစီစနစ်ကိုတည်ဆောက်ရာတွင် ပြည်သူများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်စေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Conference Room ၌ ရုပ်သံလိုင်းများမှ သတင်းဖတ်ကြားသူများ၊ သတင်းအယ်ဒီတာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မီဒီယာကဏ္ဍသည် အလွန်အရေးပါပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးအောင် တည်ဆောက်ရာတွင် အရေးကြီးကြောင်း၊ ခေတ်နှင့်လျော်ညီသော၊ နုပျိုသစ်လွင်သော စိတ်ဝင်စားဖွယ်အစီအစဉ်ကောင်းများ စီစဉ်ထုတ်လွှင့်နိုင်ရေးအတွက် MRTV News Channel ကို တိုးချဲ့စမ်းသပ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ နုပျိုသစ်လွင်သည့် တင်ဆက်မှုများကို အများပြည်သူဝန်ဆောင်မှု မီဒီယာပုံစံဖြင့် ပြည်သူ့အတွက် ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည့်အတွက် ပြည်သူများ အသိမှန်၊ အမြင်မှန်၊ အတွေးမှန်စေရန် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေး၊ ဌာန၏ ဂုဏ်သိက္ခာမြင့်မားရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာနည်းလမ်းများဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ညွှန်ကြားရေးမှူး (ရုပ်မြင်) ဒေါ်မိုးသူဇာအောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသာ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြင့်မားလာမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြင့်မားလာမည်ဖြစ်သကဲ့သို့ ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောသည်။

**ဘုရားဖြူချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲ**

ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အိုးဘိုအုပ်စု၌ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဘုရားဖြူချောင်းကူးကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါတံတားဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသတွင်းရှိ ထွက်ကုန်သီးနှံကုန်ပစ္စည်းများ အချိန်တိုအတွင်း ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တံတားရေရှည်တည်တံ့ခိုင်မြဲစေရေး ဒေသခံပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဘုရားဖြူချောင်းကူးကွန်ကရစ်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ဘုရားဖြူချောင်းကူး ကွန်ကရစ်တံတားသည် အရှည်ပေ ၂၈၀၊ အကျယ်ပေ ၂၀ သံကူကွန်ကရစ်တံတားဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် မယင်းငယ်ရွာ တောင်သူဦးစိုးသန့်ခိုင်၏ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့မှုဖြင့် ဆီထွက်သီးနှံ နေကြာသီးညှပ် စိုက်ပျိုးအောင်မြင်နေမှုကို လည်းကောင်း၊ မင်းလှမြို့နယ် ပန်းဇံမြောင်း မုက္ခာချောင်းဟောင်းနှင့် ချောင်းသစ်ထိပ်ရေတံခါးများ တပ်ဆင်ပြီးစီးမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



**လှည့်လည်ပူဇော်**

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှ (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအကျိုးတော်ဆောင်များ၊ အလှူရှင်များနှင့် သံဃာတော်များ၏ ဆွေတော်မျိုးတော်များက ရွှေတိဂုံစေတီတော် ရင်ပြင်၌ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာ ဘိဝံသထံမှ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ ဂေါပကအဖွဲ့ဝင် များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ စေတီယင်္ဂဏ စာအောင်ဆုနှင်းသဘင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဌေးလှိုင်က ပူဇော်ပွဲကျင်းပရခြင်းအကြောင်း ဂုဏပူဇာမင်္ဂလာလျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းအောင် သံဃာတော်သုံးပါးဖြစ်သည့် အောင်စဉ်(၁) မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဓမ္မဒါယာဒကျောင်း၊ မစိုးရိမ်တိုက်သစ်မှ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အောင်စဉ်(၂) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်မှ အရှင်ပညာသာရာလင်္ကာရာဘိဝံသနှင့် အောင်စဉ်(၃) မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မနောရထပူရဏီမြစကြာတောရကျောင်းမှ အရှင်အဂ္ဂဉာဏလင်္ကာရာဘိဝံသတို့အား "စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့"ကိုလည်းကောင်း၊ သီးခြားစာသင်တန်းအောင် သံဃာတော် နှစ်ပါးဖြစ်သည့် အောင်စဉ်(၁) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာပရိယတ္တိစာသင်တိုက်မှ အရှင်ကောသလ္လာလင်္ကာရနှင့် အောင်စဉ်(၂) မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်မှ အရှင်ကေတုဝံသလင်္ကာရတို့အား "စေတီယင်္ဂဏ အဘိဝံသဘွဲ့" ကိုလည်းကောင်း ဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် နဝကမ္မ ချီးမြှင့်ပူဇော်ငွေတို့ကို ဆက်ကပ်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏနာယက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာထောက်စာမ ဆရာတော်များအား သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ သ.စ.အ ဓမ္မာစရိယ(ဝဋ္ဋံသကာ)ပါဠိပါရဂူ၊ စေတီယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ) ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော် ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီယင်္ဂဏနာယက ဩဝါဒါစရိယဆရာတော်ကြီး များအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းချီးမြှောက်ခဲ့**

စေတီယင်္ဂဏအသင်းကြီးသည် ၁၉၁၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ကို အမှီပြုလျက် ပရိယတ္တိစာမေးပွဲကျင်းပကာ စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ယခု ၂၀၂၂ ခုနှစ်အထိ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က အစဉ်လာကောင်းများကို ကုသိုလ်ဆက်ကာ ကြိုးပမ်းပူဇော်လျက်ရှိရာ (၁၀၃)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင်ပွဲ အခမ်းအနားတွင်လည်း နဝကမ္မချီးမြှင့်ပူဇော်ငွေအဖြစ် သီးခြားစာချတန်းတွင် အောင်စဉ်(၁) သံဃာတော်အား နဝကမ္မအလှူတော်ငွေကျပ် ၃၅ သိန်း၊ အောင်စဉ်(၂) သံဃာတော်အား နဝကမ္မ အလှူတော်ငွေကျပ် ၃၃ သိန်း၊ အောင်စဉ်(၃) သံဃာတော်အား နဝကမ္မ အလှူတော်ငွေကျပ် ၃၁ သိန်းနှင့် သီးခြားစာသင်တန်းတွင် အောင်စဉ်(၁) သံဃာတော်အား နဝကမ္မအလှူတော်ငွေကျပ်သိန်း ၃၀၊ အောင်စဉ်(၂) သံဃာတော်အား နဝကမ္မ အလှူတော် ငွေကျပ် ၂၉ သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၁၅၈ သိန်းတိတိအား လှူဒါန်းချီးမြှောက်ခဲ့ကြောင်း သိရသည်။

**သတင်း - ကိုကိုဇော်၊**
**ဓာတ်ပုံ - လတ်လတ်(MNA)**



# မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်) တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင် ဒေါက်တာငွေစန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီး မြို့တော်ဘိလပ်မြေစက်ရုံ(ပြည်ညောင်) တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ Excellent Fortune Development Group ၏ ဒါရိုက်တာ ဦးတေဇက စက်ရုံအဆင့်မြှင့်တင် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်၊ တစ်ရက်လျှင် တန် ၆၀၀၀ ကျ နှစ်လိုင်း ဘိလပ်မြေစက်ရုံစီမံကိန်း အကောင်အထည်ဖော်မည့် လျာထားချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းများ ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံတည်ဆောက်မည့် မြေနေရာပြုပြင်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ် မြို့လှအုပ်စု၌ သက်ကြီးအဘိုးအဘွား ၁၀၅ ဦး ပူဇော်ကန်တော့

**ရမည်းသင်း ဇန်နဝါရီ ၁၆**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာတွင် ရွှေမြို့လှ လူငယ်ပရဟိတအသင်းကဦးဆောင်၍ ပြာသိုလပြည့် အမေနေ့ အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မြို့လှကျေးရွာ တောင်ကျောင်းတိုက် ဒက္ခိဏာရာမ မဟာမုနိဘုရားကြီး ပရိဝုဏ်တွင် ပြုလုပ်ခဲ့သည်။

ဦးစွာ ဒက္ခိဏာရာမ မဟာမုနိ ဘုရားကြီးရှေ့ ခင်ပွန်းကြီးဆယ်ပါး ပူဇော်ခြင်း ဆောင်ရွက်ကြသည်။ ယင်းနောက် သက်ကြီး အဘိုးအဘွား ၁၀၅ ဦးတို့အား ကန်တော့ကြရာ သက်ကြီးအဘိုး ဦးကျော်မောင်(မြို့ဟောင်း)၊ သက်ကြီး အဘွား ဒေါ်ခါ(မြို့လှ)တို့က ဆုပေး စကားပြောကြားသည်။

ဆက်လက်၍ မြို့လှအုပ်စု အတွင်း ကျေးရွာများရှိကျောင်းထိုင်ဆရာတော် ၁၀ ပါးနှင့် သက်ကြီးအဘိုး အဘွား ၁၀၅ ဦးတို့အား အလှူရှင်အသီးသီးတို့က လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**




# မုဒုံမြို့နယ်၌ ဂန္ဓမာပန်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**မုဒုံ ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာတွင် ဂန္ဓမာပန်းများကို တစ်ပိုင်တစ်နိုင် စီးပွားဖြစ်စိုက်ပျိုးကြပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း အဆိုပါကျေးရွာနေ ပန်းစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ပန်းပျိုးပင်တွေကို တစ်လအကြာပျိုးထားပြီး စစိုက်တဲ့အချိန်မှ နှစ်လခန့်ကြာတွင် နုတ်ယူရောင်းချလို့ရပါတယ်။ အခုပန်းပင် ၃၀၀၀၀ ကျော်ကို စိုက်ပျိုးကုန်ကျစရိတ် ငွေကျပ် သုံးသိန်းဝန်းကျင်ရှိပြီး တစ်နေ့ကို ငွေကျပ် ၃၀၀၀၀ နီးပါး ရရှိပါတယ်"ဟု အဆိုပါကျေးရွာမှ ပန်းစိုက်တောင်သူ ဦးဝင်းဌေးက ပြောသည်။

မုဒုံမြို့နယ် ကော့ခိုက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းများကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး မေမြို့ပန်း၊ ဂန္ဓမာပန်း၊ ရွှေဝါပန်း စသည့် ပန်းအမျိုးအစားများကို မိမိတို့၏ ခြံဝင်း၊ လယ်ယာမြေများတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ဘဝနတ်ထံပျံလွန်တော်မူသွားသည့် မိုင်းလင်းဆရာတော်ကြီး၏ အရိုးပြာအား တိုင်းနေသုသာန်သို့ ပို့ဆောင်၍ လွမ်းစေတီတော်၌ ထည့်သွင်းကိုးကွယ်ပူဇော်



နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၂၁ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် သက်တော် ၆၁ နှစ်၊ ဝါတော် ၃၁ ဝါရှိ မဟာမင်္ဂလဓမ္မဇောတိကဓဇ အဂ္ဂမဟာဘရာဇာခူး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မိုင်းလင်းဆရာတော် ဘဒ္ဒန္တဝိမာလ ဆရာတော်ကြီး၏ အရိုးပြာအိုးအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပါလျံကျောင်းတိုက်မှ တိုင်းနေသုသာန်သို့ ပို့ဆောင်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ ပါလျံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မဝရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

## ငါးပါးသီလ ခံယူဆောက်တည်

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပါလျံကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ကြီး၏ အရိုးပြာအား တိုင်းနေသုသာန်သို့ ဆက်လက်ပို့ဆောင်ခဲ့ပြီး လွမ်းစေတီတော်၌ ထည့်သွင်းကိုးကွယ်ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီးရှိ ဂန္ဓဝင်ကိုးခန်းသိမ်တော်ကြီး၌ ပြုလုပ်ရာ တောင်ငူမြို့ ကြာနီကန်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထိန်ဝင်း၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြာနီကန်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား သင်္ကန်း၊ ဆေးနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ကြာနီကန်ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လင်းခေးမြို့နယ် နားကုန်းကျေးရွာရှိ နားကုန်းပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်သင်ကြားနေသော ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းဆင်းပွဲ ပြုလုပ်

နေပြည်တော် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် နားကုန်းကျေးရွာရှိ နားကုန်းပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ်သင်ကြားနေသော ယဉ်ကျေးလိမ္မာ ဓမ္မစကူး သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ ပြုလုပ်ရာ နားကုန်းကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နားကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ပြီး သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




## ထောက်ပံ့ပေးအပ်

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းအားကစားကွင်းနှင့် အားကစားဆိုင်ရာပစ္စည်းများ လိုအပ်လျက်ရှိ

ထန်းတပင် ဇန်နဝါရီ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် ရပ်ကွက်အတွင်းရှိ ကျောင်းသား ကျောင်းသူကလေးငယ်များ တက်ရောက်ကာ ပညာသင်ကြားလျက်ရှိပြီး အဆိုပါကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအားကစားကွင်းနှင့် အားကစားဆိုင်ရာပစ္စည်းများ လိုအပ်လျက်ရှိကြောင်း အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့မှသိရသည်။

အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူကလေးငယ် ၁၄၃ ဦးတို့ တက်ရောက် ပညာသင်ကြားလျက်ရှိသလို ကျောင်းသား ကျောင်းသူကလေးငယ်များ ကျောင်းနေပျော်၍ ကျန်းမာရေးများ ကောင်းမွန်စေရေးအတွက် လိုအပ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

“အဓိကကျောင်းကစားကွင်းပေ့ါ၊ မူလတန်းအဆင့်ဆိုတော့ ကလေးငယ်တွေနဲ့ကိုက်ညီတဲ့ အားကစားဆိုင်ရာပစ္စည်းတွေလည်း လိုတာပေ့ါ။ ကျောင်းအားကစားကွင်းဖြစ်မြောက်ဖို့အတွက်လည်း အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ကနေပြီးတော့ လောလောဆယ်မှာတော့ မြေသားညှိခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်”ဟု အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မြင့်က ရှင်းပြသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# ရေပျော်မော်ကင်းတို့မြေမှ ဖိတ်ခေါ်ပါသည်

မြင့်ထွေး(ဟိုတယ်/ခရီး)

> မကြာမီရောက်ရှိတော့မည့် ပွင့်လင်းရာသီကာလတွင် မြိတ်ခရိုင် ဒုံးညောင်မှိုင်းကျေးရွာရှိ ဆလုံရွာကလေးသို့လာရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းသတ်မှတ်ချက်ဖြစ်သည့် Social Distancing နှင့်ညီညွတ်စွာ Snorkeling ပြုလုပ်ခြင်း၊ Trekking ပြုလုပ်ခြင်း၊ ဆလုံလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာများလေ့လာခြင်း၊ ရှားပါးရေနေကုန်းနေသတ္တဝါများလေ့လာခြင်း၊ စက်ဘီးစီးခြင်း၊ ကနူးကယက်လှေလှော်ခြင်း၊ ရေကူးခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများနှင့်လိုက်ပါပြီး ရေလုပ်သားများ၏ဘဝလေ့လာခြင်း၊ လတ်ဆတ်သော ပင်လယ်အစားအစာများစားသုံးခြင်း၊ သဲသောင်ပြင်တွင် လမ်းလျှောက်၍ ပင်လယ်လေ အားပါးတရ ရှူရှိုက်ခြင်း၊ သာယာလှပသော ပတ်ဝန်းကျင်ကျွန်းများသို့ လည်ပတ်ခြင်းများဖြင့် မွန်းကျပ်မှုများကို ဖြေဖျောက်ကြပါစို့

### မော်ကင်း(ခေါ်)ဆလုံ

မြန်မာနိုင်ငံသည် ထူးခြားလှပဆန်းပြားသော သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ရှားပါးသည့်သဘာဝအရင်းအမြစ်များကြောင့် ထိတွေ့ ရှုမြင်ရသူအပေါင်းကို မှင်သက်ငေးမော၊ အံ့သြချီးမွမ်းစေသကဲ့သို့ တိုင်းရင်းသားမျိုးနွယ်စုများကြောင့်ပင် မြန်မာ၏ အဓိပ္ပာယ်ကို ပိုမိုပေါ်လွင်စေပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများအနက် ထူးခြားသော အသက်မွေးဝမ်းကျောင်းဖြင့် လှုပ်ဝန်းကျင်နှင့် ဝေးရာတွင် သီးခြားနေထိုင်ကြသော မော်ကင်း(Moken) (ခေါ်) Sea Gypsy (ခေါ်) မော်ခင် (ခေါ်) ဆီလီတာ(ခေါ်) ဆီလန်(ခေါ်)ဆလုံလူမျိုးများကို ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ရင်း ဆုံတွေ့ခဲ့ရပါသည်။

၂၀၀၄ ခုနှစ်က ဝန်ကြီးဌာနမှ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဗိုလ်ချုပ်ကျွန်းရှိ မကြုံဂလက် ဆလုံကျေးရွာလေးတွင် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်ခဲ့သော ဆလုံရိုးရာပွဲတော်ဆောင်ရွက်ခဲ့စဉ်က လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုများကို ရန်ကုန်မှနေ၍ ပံ့ပိုးဆောင်ရွက်ပေးခဲ့ရသဖြင့် မကြုံဂလက်သို့မရောက်ရှိခဲ့။ သို့အတွက် ဆလုံလူမျိုးများနှင့် ဆုံတွေ့ရန် အခွင့်အလမ်းဆုံးရှုံးခဲ့ရသော်လည်း အောက်မြန်မာပြည်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်စဉ် တနင်္သာရီတိုင်းဒေသကြီး ခရီးသွားမြှင့်တင်ရေးအတွက် လူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ရန် တိုင်းဒေသကြီးမှတာဝန်ရှိသူများနှင့် ကွင်းဆင်းသည့်အချိန်တွင် မကြုံဂလက်ဆလုံကျေးရွာလေးသို့ ရောက်ရှိခဲ့ပြီး ဆလုံလူမျိုးများနှင့်ပထမဆုံးအကြိမ် ထိတွေ့ခွင့်ရရှိခဲ့ပါသည်။

### မျိုးနွယ်ဆက်

ဆလုံလူမျိုးဖြစ်ပေါ်ဆင်းသက်လာမှုကို လေ့လာရာတွင် ယူဆချက် ခုနစ်မျိုးရှိသည်ကို တွေ့ရှိရပါသည်။ ပထမယူဆချက်မှာ ဩစထရစ်မျိုးနွယ်ဝင် အင်ဒိုနှင့်မလေးလူမျိုးတစ်စုသည် အခြားလူမျိုးစုတစ်စု၏ တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံတောင်ဘက်စွန်းနှင့် မြိတ်ကျွန်းစုများသို့ ပြောင်းရွှေ့အခြေချနေထိုင်ရင်း ဆလုံလူမျိုးများ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ဒုတိယယူဆချက်မှာ ဩစထရစ်အေရှတစ်မျိုးနွယ်တစ်စုအား အခြားမျိုးနွယ်တစ်စုမှ တိုက်ခိုက်မှုကြောင့် မြိတ်ကျွန်းစုအနီးဝန်းကျင်သို့ ရှောင်တိမ်းနေထိုင်ရင်း အခြားဩစထရစ်အေရှတစ်မျိုးနွယ်တစ်စုနှင့် ပေါင်းစည်းကာ ဆလုံလူမျိုးများပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

တတိယယူဆချက်မှာ မလေးတို့၏ တိုက်ခိုက်မှုကြောင့် ရှောင်တိမ်းလာသော မျိုးနွယ်စုတစ်ခုဖြစ်ကြောင်း ယူဆချက်ဖြစ်ပါသည်။ မလေးနှင့်ဘာသာစကားဆင်တူသော်လည်း ဘာသာစကားနှစ်ခုနှိုင်းယှဉ်ရာတွင် အခေါ်အဝေါ် ၅၂ လုံး၌ ၁၀ လုံးသာတူကြောင်း တွေ့ရပါသည်။ ထို့အပြင် ဆလုံဘာသာစကားမှာ အင်းသား၊ ထားဝယ်လူမျိုးများ၏ဘာသာစကားနှင့် ဆင်တူသည်ကိုလည်း တွေ့ရပါသည်။

စတုတ္ထယူဆချက်မှာ ကုန်းဘောင်ခေတ်အလောင်းမင်းတရားလက်ထက် မြန်မာနိုင်ငံတောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ကြသော မွန်လူမျိုးများနှင့် ကသည်းလူမျိုးစုတို့မှ ဆလုံလူမျိုးပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

ပဉ္စမယူဆချက်မှာ မွန်ခမာအနွယ်ဝင်များမှ ဗီယက်နမ် မြစ်နီမြစ်ဝှမ်း၊ ထိုင်းနိုင်ငံ ကျောက်ဖယားမြစ်ဝှမ်း၊ မြန်မာနိုင်ငံ စစ်တောင်း၊ သံလွင်၊ ဂျိုင်း၊ သံလွင်မြစ်ဝှမ်း၊ အိန္ဒိယနိုင်ငံ ဗြဟ္မပုတ္တရနှင့် ဂင်္ဂါမြစ်ဝှမ်းအထိ ပျံ့နှံ့နေထိုင်လာသောလူမျိုးစုမှ ဆလုံလူမျိုးပေါ်ပေါက်လာသည့် ယူဆချက်ဖြစ်ပါသည်။

ဆဋ္ဌမယူဆချက်မှာ မော်လမြိုင်တစ်ဖက်ကမ်း ဘီလူးကျွန်းတွင် နေထိုင်ခဲ့သော နီဂရစ်တို ခေါ် ကပ္ပလီနွယ်ဝင်၊ စမင်လူမျိုးစုသည် ပင်လယ်သို့ ပြောင်းရွှေ့နေထိုင်ရာမှ ဆလုံလူမျိုးပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

သတ္တမယူဆချက်မှာ ဆလုံသက်ကြီးရွယ်အိုများမှ ၎င်းတို့ကိုယ်၎င်းတို့(မော်န်-မွန်-ခမ်-ခမာ) ဖြစ်သည်ဟုဆိုခြင်းကို ကိုးကား၍ မွန်ခမာအနွယ်ဝင်ဖြစ်သည်ဟု ယူဆချက်ဖြစ်ပါသည်။

မည်သို့ပင်ယူဆချက်ရှိသည်ဖြစ်စေ တိုင်းရင်းသား ၁၃၅ မျိုးတွင် ပါဝင်သည့် ဗမာလူမျိုး ကိုးမျိုး၌ ဗမာ၊ ထားဝယ်၊ မြိတ်၊ ယော၊ တောင်သာ၊ ကဒူး၊ ကနန်း၊ ဆလုံ၊ ဖွန်းလူမျိုးတို့ပါဝင်ပြီး ထိုအထဲတွင် ဆလုံလူမျိုးပါဝင်သည်ကို ထူးခြားစွာတွေ့ရှိရပါသည်။

### ဓလေ့စရိုက်

ဆလုံလူမျိုးများသည် နေရာအတည်တကျနေထိုင်သူများ မဟုတ်ဘဲ နွေရာသီနှင့် ဆောင်းရာသီတွင် ကဗန်းလှေငယ်များဖြင့် ပင်လယ်ပြင်အတွင်း တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ကြပြီး မိုးရာသီတွင် လှိုင်းလေငြိမ်သက်သောကျွန်းအချို့၌ ခိုနားနေထိုင်လေ့ရှိကြသည်။ ကြမ်းတမ်းသောပင်လယ်ပြင်အတွင်း လှေဖြင့် ငါး၊ ပုလဲ ရှာဖွေဖမ်းဆီးကြသည်။ လှေပေါ်တွင် ချက်ပြုတ်စားသောက်ကြသည်။ အိပ်ကြသည်။ ထို့အတွက် ဆလုံလူမျိုးဟုဆိုလျှင် ကဗန်းလှေက ယှဉ်တွဲလျက်ပါလာသည်။ မြိတ်ခရိုင်တွင် ယခင်က ဒုံးပုလဲအော်ရွာ၊ လင်းလွန်းအော်ရွာ၊ ပလောဝါးရွာ၊ ညောင်မှိုင်းရွာ၊ ဒုံးကမာချောင်း၊ ဝဲကျွန်း၊ မီးစိမ်းကျွန်းတို့တွင် နေထိုင်ကြပြီး ယခုအခါ ဒုံးကျွန်းရှိ ဒုံးပုလဲအော်ရွာ၊ ညောင်မှိုင်းရွာနှင့် လက်စွပ်အော်ကျွန်းရှိ လင်းလွန်းအော်ရွာ၊ ပန်းတောင်းကျွန်းရှိ ပက်ဂလက်ရွာတို့တွင် နေထိုင်ကြပါသည်။ ကော့သောင်းခရိုင်တွင် ယခင်က လန်ပိကျွန်းရှိ လန်ပိရွာ၌ နေထိုင်ကြသော်လည်း ယခုအခါ လငန်းကျွန်းစုရှိ လငန်းရွာ၊ ကရသူရိမြို့နယ်ရှိ ကံမော်ကြီးရွာ၊ အလယ်မန်ကျွန်းရှိ ကိုဖော့ရွာ၊ ဗိုလ်ချုပ်ကျွန်းရှိ မကြုံဂလက်၊ တလွန်းရွာတို့တွင် ဆလုံအုပ်စုများဖွဲ့၍ နေထိုင်ကြပါသည်။

ရေလုပ်ငန်းရှင်များက ဆလုံလူမျိုးများ၏ရိုးသားမှုကိုအသုံးချကာ စားနပ်ရိက္ခာများ ထောက်ပံ့ပေးပြီး ရေအောက်ကမ္ဘာမှ ရှာဖွေရရှိသော ရေသတ္တဝါများ၊ သဘာဝသယံဇာတများကိုရယူကြသည်။ နောက်ပိုင်းတွင် အရက်၊ မူးယစ်ဆေးဝါးများပံ့ပိုးပေးမှုကြောင့် မူးယစ်နွံအတွင်းသက်ဆင်းကာ အိမ်ထောင်ဦးစီးအမျိုးသားဆလုံများ အသက်ငယ်ငယ်ဖြင့် သေဆုံးလာကြသဖြင့် ဆလုံလူမျိုးများတွင် အမျိုးသားများနည်းပါးလာခြင်း၊ အမျိုးသမီးဦးရေများလာခြင်း၊ ဆလုံလူမျိုးများနေထိုင်ရာသို့ အရောင်းအဝယ် ရေလုပ်ငန်းဖြင့် လာရောက်နေထိုင်ကြသော ဗမာ၊ ကရင်၊ ရခိုင်လူမျိုးများနှင့် အိမ်ထောင်ပြုရာမှ သွေးနှောဆလုံများဖြစ်လာခြင်းတို့ကြောင့် ယခုအခါ ဆလုံစစ်စစ်လူဦးရေမှာ အလွန်နည်းပါးသွားသည်ဟု ဆလုံအထူးပြုလေ့လာသူ ရန်ကုန်အနောက်ပိုင်းခရိုင်တက္ကသိုလ်မှ ဒေါက်တာဒေါ်ရီရီခင်၏ စာတမ်းအရ သိရှိရပါသည်။



### ကာကွယ်ထိန်းသိမ်းသင့်

၁၉၇၆ ခုနှစ် သန်းခေါင်စာရင်းအရ ဆလုံဦးရေ ၆၀၀၀ ကျော်ရှိပြီး ၂၀၀၁ ခုနှစ်တွင် ဆလုံဦးရေ ၄၀၀၀ ခန့်နှင့် ၂၀၁၂ ခုနှစ်တွင် ၃၄၃၈ ဦးခန့်သာရှိတော့သည်။ ယခုအခါ ဆလုံစစ်စစ်ဦးရေမှာ ၁၈၀၀ ခန့်သာကျန်ရှိတော့သဖြင့် ဆလုံလူမျိုးများပျောက်ကွယ်မှုမရှိစေရေးအတွက် နိုင်ငံတော်က ကော်မတီတစ်ရပ်ဖွဲ့စည်းကာ အစီအမံများဆောင်ရွက်နေသည်ဟု သိရှိရပါသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ဆလုံလူမျိုးသည် ကယားပြည်နယ်ရှိ ပတ်တောင်(ပဒေါင်) လူမျိုးကဲ့သို့ ထူးခြားသောဝိသေသရှိ၍ ဆလုံလူမျိုးတို့၏ လူနေမှုပုံစံ၊ ဓလေ့ရိုးရာ၊ အသက်မွေးဝမ်းကျောင်းမှုများကို နိုင်ငံတကာမှ တကူးတကလာရောက်ကာ လေ့လာကြပါသည်။ မြန်မာနိုင်ငံနယ်စပ် ထိုင်းနိုင်ငံဘက်ခြမ်းတွင် ဆလုံလူမျိုးများအား ပြသကာ ကမ္ဘာလှည့်ခရီးသည်များကို ဖိတ်ခေါ်ဆွဲဆောင်၍ ဝင်ငွေကောင်းရရှိနေသည်ကိုလည်းကြားသိရပါသည်။ ကယားပြည်နယ်မှ ပတ်တောင်(ပဒေါင်)လူမျိုးများကို ထိုင်းနိုင်ငံက ၎င်းတို့နိုင်ငံသားများဖြစ်သယောင် ဖန်တီးခြင်း၊ ဆလုံလူမျိုးများကိုလည်း ထိုင်းနိုင်ငံသားဖြစ်သယောင် ပြသခြင်းများဖြင့် လုပ်ဆောင်နေမှုများကို အမြော်အမြင်ရှိရှိ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပြီး ဖော်ထုတ်မြှင့်တင်သင့်ပါသည်။

### လှပသောဒုံးကျွန်း

မြိတ်ခရိုင်သည် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်/ထွက်ပေါက်မရှိသဖြင့် ထားဝယ်ခရိုင်၊ ကော့သောင်းခရိုင်တို့နှင့်နှိုင်းယှဉ်လျှင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု အခွင့်အလမ်းနည်းပါးသည်။ သို့အတွက် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မည့် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ခြင်း၊ နိုင်ငံတကာမှသိရှိအောင် မြှင့်တင်ခြင်းများကိုဆောင်ရွက်ရာတွင် ဖြစ်နိုင်သမျှနည်းလမ်းများ ရှာကြံကာ စွန့်စားထိုးဖောက်မှုများကို မြိတ်ခရိုင်ခရီးသွားရုံးခွဲမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ မြိတ်ခရိုင်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဒေသတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းကြိုးစားလျက်ရှိပါသည်။

စာမျက်နှာ ၇ သို့ ❖

# ခန္တီးမြို့၌ ပန်းခင်းစီမံချက် လျာထားချက်ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ပြုလုပ်



မုံရွာ ဇန်နဝါရီ ၁၆

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ခန္တီးမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပန်းခင်းစီမံချက် လျာထားချက်ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒေသခံနာဂတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်ပြီး ပန်းခင်းစီမံချက် လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသော ခန္တီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများထံ ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ခန္တီးမြို့နယ် ဆင်သေကျေးရွာ၌ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့မှတာဝန်ယူ တည်ဆောက်ထားသော နမ်မုံ-ဆင်သေ-ကချင် နမ့်သဲကြီးချောင်းပေါ်ရှိ အရှည် ပေ ၁၈၀၊ အကျယ် ပေ၂၀၊ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် ချဉ်းကပ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)** ■

# မင်္ဂလာဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

မင်္ဂလာဒုံ ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ဒုစံပြရပ်ကွက်ရှိ ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် ရပ်ကွက်ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက နိုင်ငံသားကတ် အသုံးဝင်ပုံ၊ အသက်အရွယ်အလိုက် ကိုင်ဆောင်လဲလှယ်ရခြင်းအကြောင်းနှင့် ဥပဒေနှင့် ညီညွတ်မှုရှိပါက အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်နှင့် ဒု-လဝကမှူး ဒေါ်အေးအေးစိုး ဦးဆောင်သည့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားကတ်လျှောက်ထားသူ ခုနစ်ဦး၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားကတ်လျှောက်ထားသူ တစ်ဦးနှင့် နိုင်ငံသားကတ်အသစ်လဲလှယ်လျှောက်ထားသူ ၂၇ ဦး စုစုပေါင်း ရပ်ကွက်ပြည်သူ ၃၅ ဦးအား နိုင်ငံသားကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးခြင်းတို့ကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**




# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း ငါးတန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ဒုံးကျွန်းသည် မြိတ်မြို့၏အနောက်ဘက် ရေမိုင် ၄၀ ခန့်အကွာ မြောက်လတ္တီကျူ ၁၂ ဒီဂရီ ၂၆ မိနစ်နှင့် အရှေ့လောင်ဂျီကျူ ၉၈ ဒီဂရီ ၀၈ မိနစ်တွင်တည်ရှိပြီး ဧရိယာ ၂၈၅၂၂ ဧကေ ကျယ်ဝန်းကာ ရေချိုအလုံအလောက်ထွက်ရှိသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သောသူများ၊ ဒုံးကျွန်းတွင်နေထိုင်သူများအတွက် သောက်သုံးရေကို အပြည့်အလျှံ အသုံးပြုနိုင်ကြပါသည်။ ကျွန်း၏အရှေ့ဘက်တွင် လှပသော ဒုံးရေတံခွန်ရှိပါသည်။ မြိတ်မြို့ ဆိပ်ငယ်ရပ်လှေဆိပ်မှ ဒုံးရေတံခွန်သို့ Speed Boat ဖြင့် သွားရောက်လျှင် ၁ နာရီ ၄၅ မိနစ်ခန့်အကြာတွင် ရောက်ရှိပြီး ဒုံးကျွန်း၏ ကျောက်တောင်အမြင့်ပေါ်မှ ဖြတ်ကျော်စီးဆင်းကျလာသော ဒုံးရေတံခွန်၏ ရေမှုန်၊ ရေစက်၊ ရေပန်းများဖြင့် ဒုံးရေတံခွန်တွင် ရေချိုးခြင်း၊ အမှတ်တရဓာတ်ပုံများရိုက်ကူးခြင်းတို့ ပြုလုပ်ကာ သဘာဝတရားကြီး၏အရသာကို လွတ်လပ်ပေါ့ပါးစွာ ခံစားပြီး မွန်းကျပ်မှု၊ ပင်ပန်းနွမ်းနယ်မှုမှန်သမျှကို ပြေပျောက်စေနိုင်ပါသည်။

**ချစ်စရာဆလုံတို့ရွာ**

ထိုမှတစ်ဆင့် Speed Boat ဖြင့် ၂၅ မိနစ်အကြာခန့် မောင်းနှင်၍ ဆလုံကျေးရွာ၊ ဒုံးညောင်မှိုင်းသို့ သွားရောက်ကာ ဆလုံလူမျိုးတို့၏ နေထိုင်မှုဘဝကို ဆက်လက်လေ့လာနိုင်ပါသည်။ ဒုံးညောင်မှိုင်းကျေးရွာတွင် ကွယ်လွန်သွားသော ရုပ်ရှင်သရုပ်ဆောင် ဒွေး ခေါင်းဆောင်ပါဝင်သည့် မော်ကင်းဥဒါန်းရုပ်ရှင်အားရိုက်ကူးခဲ့သည့်အတွက် ပြန်ပြောင်းခံစားရင်း ထူးခြားမှုကိုရယူနိုင်ပါသည်။ ဒုံးညောင်မှိုင်းကျေးရွာသဲသောင်ကမ်းခြေသို့ ရောက်ရှိသည်နှင့် စိမ်းမြသည့်ရေပြင်၊ ဖြူဖွေးသည့်သဲပြင်တို့၏ ထိတွေ့မှုနှင့်အတူ ပင်လယ်ပြင်ကျယ်မှ ဝင်ရောက်လာသောလေများ၏ တိုးဝှေ့မှုများကြောင့် ကမ်းခြေအစပ်၊ ရွာနဖူးစည်းရှိ အုန်းပင်များ၊ သစ်ပင်များ၏လှုပ်ရှားယိမ်းထိုးမှုများက လက်ကမ်းပွေ့ဖက်ကြိုဆိုသယောင် ခံစားရနိုင်ပါသည်။

Speed Boat စီးရင်း လှိုင်းမူးလာလျှင်လည်း သစ်ပင်အရိပ်အောက်၊ သဲပြင်ပေါ်တွင် ခင်းကျင်းထားသော ခုံတန်းရှည်ပေါ်၌ အုန်းရေချိုချိုကို အမူးပြေ၊ အမောပြေသောက်နိုင်ပါသည်။ အမူးအမောပြေသည်နှင့် ဆလုံလူမျိုးများနေထိုင်ရာ အိမ်ခြေစုသို့သွားရောက်ကာ ဆလုံလူမျိုးတို့၏ နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ အသုံးအဆောင်ပစ္စည်းများနှင့် ကဗန်းလှေများကိုလေ့လာခြင်း၊ ဆလုံလူမျိုးများနှင့် စကားပြောဆိုခြင်းများကိုပြုလုပ်ကာ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

ဒုံးကျွန်းပေါ်တွင် ဒုံးညောင်မှိုင်းကျေးရွာ၊ ဒုံးကမာချောင်းကျေးရွာနှင့် ဒုံးဒဟွန်းကျေးရွာများရှိပါသည်။ ဒုံးညောင်မှိုင်းကျေးရွာသည် ဒုံးကျွန်း၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး ဆလုံလူမျိုး၊ ကရင်လူမျိုး၊ ဗမာလူမျိုးများ နေထိုင်ကြပါသည်။ ဒုံးညောင်မှိုင်းကျေးရွာတွင် အိမ်ခြေ ၁၄၀ ရှိပြီး လူဦးရေ ၇၃၉ ဦးရှိပါသည်။ ဆလုံလူမျိုးအိမ်ထောင်စု ၉၃ စုနှင့် ဆလုံအိမ် ၃၁ လုံး၊ ဆလုံလူဦးရေ ၂၀၉ ဦးရှိပါသည်။ ဆလုံအိမ်ထောင်စုများမှာ ဒုံးညောင်မှိုင်းကျေးရွာ၏ မြောက်ဘက်ခြမ်းတွင် သီးခြားနေထိုင်ကြပြီး တောင်ဘက်ခြမ်းတွင် ကရင်အိမ်ထောင်စု၊ ဗမာအိမ်ထောင်စုများ နေထိုင်ကြပါသည်။ ဆလုံလူမျိုးများမှာ ငါးဖမ်းခြင်း၊ ပုလဲငုတ်ခြင်း၊ ပင့်ကောင်ခွာခြင်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ဗမာ၊ ကရင်လူမျိုးများမှာ ဈေးရောင်းခြင်း၊ စိုက်ပျိုးရေးပြုလုပ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

**ဒုံးညောင်မှိုင်းလူထုအခြေပြုခရီးစဉ်**

၂၀၁၄ ခုနှစ်တွင် ဒုံးညောင်မှိုင်းရောက်ခဲ့စဉ်က ဒုံးညောင်မှိုင်းကျေးရွာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်ရန်အတွက် အကြံပြုခဲ့ပြီး ရွာ၏တောင်ဘက် ရွာအစွန်တွင် မြေနေရာအကြံပြုရွေးချယ်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ်ရောက်ရှိစဉ်တွင် လူထုအခြေပြုအဆောက်အအုံများကို မြိတ်ခရိုင် ဟိုတယ်ခရီးတာဝန်ခံဦးဆောင်၍ မြိတ်ခရိုင်လုပ်ငန်းရှင်များအသင်း၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဒုံးညောင်မှိုင်းပြည်သူလူထုတို့ပါဝင်သောအဖွဲ့က အုတ်မြစ်ချဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ ၁၀-၁-၂၀၂၁ ရက်နေ့တွင် ဧည့်သည် ၁၆ ဦး တစ်ပြိုင်တည်းတည်းခိုနိုင်သည့် ဘန်ဂလိုနှစ်လုံးဖြင့် လူထုအခြေပြုခရီးသွားလုပ်ငန်းကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သော်လည်း ကိုဗစ်-၁၉ ဖြစ်ပေါ်မှုကြောင့် ဧည့်သည်များဝင်ရောက်မှုမရှိသေးကြောင်း သိရှိရပါသည်။

ဒုံးညောင်မှိုင်းလူထုအခြေပြု ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာခြင်းကြောင့် မြိတ်မြို့မှ နေ့ချင်းပြန်သွားရောက်ရန် ခက်ခဲဝေးကွာသော ကျွန်းများသို့ အချိန်ပေးလည်ပတ်နိုင်ပြီဖြစ်ပါသည်။ ဒုံးညောင်မှိုင်းကျေးရွာ လူထုအခြေပြုခရီးသွားတည်းခိုရိပ်သာတွင် ညအိပ်ကာ တည်းခိုရိပ်သာမှတစ်ဆင့် စမတ်ကျွန်း၊ လင်းကွန်းကျွန်း၊ သရေသတန်ကျွန်း၊ နှစ်ဖက်လှကျွန်း၊ ကျောက်ကဒွေးကျွန်းနှင့် ဝါးတောင်ကြီးကျွန်းများသို့ သွားရောက်လည်ပတ်ပြီး ညပိုင်းတွင် ဒုံးညောင်မှိုင်း CBT မှ တည်ခင်းဧည့်ခံသော ကရင်တိုင်းရင်းသားရိုးရာအကနှင့်အတူ လတ်ဆတ်မွှေးပျံ့သည့် ပင်လယ်စာများကို စားသုံး၍ ကောင်းမွန်စွာ အိပ်စက်အနားယူနိုင်ပါသည်။

**ဖိတ်ခေါ်ပါသည်**

မကြာမီရောက်ရှိတော့မည့် ပွင့်လင်းရာသီကာလတွင် မြိတ်ခရိုင် ဒုံးညောင်မှိုင်းကျေးရွာရှိ ဆလုံရွာကလေးသို့လာရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းသတ်မှတ်ချက်ဖြစ်သည့် Social Distancing နှင့်ညီညွတ်စွာ Snorkeling ပြုလုပ်ခြင်း၊ Trekking ပြုလုပ်ခြင်း၊ ဆလုံလူမျိုးများ၏ ဓလေ့ထုံးတမ်းစဉ်လာများလေ့လာခြင်း၊ ရှားပါးရေနေကုန်းနေ သတ္တဝါများလေ့လာခြင်း၊ စက်ဘီးစီးခြင်း၊ ကနူးကယက်လှေလှော်ခြင်း၊ ရေကူးခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများနှင့်လိုက်ပါပြီး ရေလုပ်သားများ၏ဘဝလေ့လာခြင်း၊ လတ်ဆတ်သော ပင်လယ်အစားအစာများစားသုံးခြင်း၊ သဲသောင်ပြင်တွင် လမ်းလျှောက်၍ ပင်လယ်လေအားပါးတရရှူရှိုက်ခြင်း၊ သာယာလှပသော ပတ်ဝန်းကျင်ကျွန်းများသို့ လည်ပတ်ခြင်းများဖြင့် မွန်းကျပ်မှုများကို ဖြေဖျောက်ကြပါစို့ဟု နှိုးဆော်ကာ ဆလုံရွာလေးက ဖိတ်ခေါ်လိုက်ပါသည်။ ။



## မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အထွတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက် သမိုင်းဝင်ကျိုက္ကလော့စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အထွတ်တင်လှူခြင်းမဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မင်္ဂလာဒုံ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ပင့်ဆောင်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက စေတီတော်အထွတ်တွင်တင်လှူမည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းပြီး စေတီတော်အား လက်ယာရစ်လှည့်လည်အပူဇော်ခံကာ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

**တင်လှူပူဇော်**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီး၊ တပ်နယ်မှူးနှင့် ဘုရားဒါယကာများသည် မင်္ဂလာအချိန်တွင် ရွှေထီးတော်အထွတ်တွင် စိန်ဖူးတော်မြတ်ကို တင်လှူပူဇော်ကြပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

* ရှေ့ဖုံးမှ

စိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။ ယခု ၂၀၂၂ – ၂၀၂၃ နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ တောင်သူများ သီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် စိုက်ပျိုးရေ ဖြန့်ဝေမည့်ရက်အား ဒေသခံတောင်သူများ သိရှိနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ရေလက်တံမြောင်းများအတွင်း ရေမြိတ်များနှင့် ခြုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှုမဖြစ်စေရေး၊ နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာရရှိရေးတို့အတွက် ရေလက်တံမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားရှိရန် အသိပေးနှိုးဆော်ထားရှိကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တောင်သူတွေ သီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး ကြိုတင်ပြီးတော့ တောင်သူတွေကို ရေလက်တံမြောင်းတွေ ပိတ်ဆို့မှုမရှိအောင် ရှင်းလင်းထားကြဖို့နဲ့ လယ်ယာမြေတွေ ပြုပြင်ဆောင်ရွက်ထားဖို့အတွက် အခုကတည်းက ကြိုတင်ပြီး အသိပေးနှိုးဆော်ထားပါတယ်။ ခါတိုင်းနှစ်တွေက နွေသီးနှံ စပါးနဲ့ နှမ်းစိုက်ပျိုးလို့ရအောင် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ပေမယ့် ဒီနှစ်မှာတော့ ဆည်ရေဝင်ရောက်မှုနည်းတဲ့အတွက် နွေနှမ်းစိုက်ပျိုးဖို့အတွက်ပဲ ဆည်ရေဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ နွေနှမ်းအတွက် စိုက်ပျိုးရေဖြန့်ဝေမယ့်ရက်ကိုတော့ မတ် ၁၅ ရက်မှာ စတင်ဖြန့်ဝေပေးမှာဖြစ်ပါတယ်။ အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေနှမ်းလျာထားစိုက်ပျိုးဧကအနေနဲ့ မဲဇလီဆည်ရေသောက်စနစ်နဲ့ နွေနှမ်း ၆၀၄၂၈ ဧက၊ မင်းဘူး(စကု)မြို့နယ်က အိုင်းမဆည်ရေသောက်စနစ်နဲ့ နွေနှမ်းဧက ၅၀၀ စုစုပေါင်း နွေနှမ်းစိုက်ဧက ၆၀၉၂၈ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်က ပြောသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

## ပွင့်ဖြူမြို့နယ်၌ အိုမီခရွန်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ပွင့်ဖြူ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါဗီဇမျိုးကွဲသစ် အိုမီခရွန် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာသို့သွားရောက်ပြီး အသံချဲ့စက်ယာဉ်ဖြင့် အသိပညာပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဝါဝါလှိုင်(ပြန်/ဆက်)

## မောင်တောမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပ

**စစ်တွေ ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။


**အရှိန်အဟုန်ဖြင့် ဆောင်ရွက်**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့် ရသင့်ရထိုက်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ် ဝန်ထမ်းများအနေဖြင့် ပန်းခင်းစီမံချက်ဆောင်ရွက်နေမှုအပေါ် အလေးအနက်ထား၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် မောင်တောမြို့နယ်နှင့် စစ်တွေမြို့နယ်အတွင်းရှိ ပြည်သူများအား ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မောင်တောခရိုင်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လျာထားချက် ရာနှုန်းပြည့်ပြီးစီးအောင် စီမံဆောင်ရွက်ပေးခဲ့သော မောင်တောမြို့နယ်နှင့် စစ်တွေမြို့နယ် ဦးစီးမှူးတို့အား ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။


ပြည်နယ်
(ပြန်/ဆက်)




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





### နှလုံးသွေးနဲ့ ရေးတဲ့မှတ်တမ်း (၂) ဦးညွှတ်ပါရစေမြင့်မိုရ်မေမေနှင့် အခြားဆောင်းပါးများ

စာရေးသူ မဥ္ဇူသက (မုံရွာ) ပြုစုရေးသားသည့် နှလုံးသွေးနဲ့ရေးတဲ့မှတ်တမ်း (၂) ဦးညွှတ်ပါရစေမြင့်မိုရ်မေမေနှင့် အခြားဆောင်းပါးများ စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒအမှာစကားများ၊ သီလနှင့်ငြိမ်းချမ်းရေး၊ လောကပါလသာသနာ့အုတ်မြစ်၊ သောတာပန်ဆီအလှူတော်၊ အတိတ်လွင်ပြင်ကိုငေးမောခြင်း၊ ဦးညွှတ်ပါရစေမြင့်မိုရ်မေမေနှင့် အခြားဆောင်းပါးများပါဝင်သည်။

မိဘတို့၏ မေတ္တာစေတနာများနှင့် ကျေးဇူးတရားများကို မြင့်မိုရ်မေမေမှတစ်ဆင့် စာရှုသူတို့၏နှလုံးသားသို့ မေတ္တာသွေး၊ သစ္စာသွေးများ စီးဆင်းပျော်ဝင်စေပြီး ထာဝရငြိမ်းအေးကြစေရန် ရေးဖွဲ့သီကုံးထားသည်။

**စာအုပ်ကို မိခင်ရောဝတီစာအုပ်တိုက်၊ ဖုန်း–၀၉ ၇၉၈၂၉၆၉၅၈၊ တိုက် (၄)၊ အခန်း ၄၀၂၊ ကျီတော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ရန်ကုန်မြို့မှ တန်ဖိုးကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိထားသည်။**




### ဖြတ်သန်းခဲ့သော ဘဝမှတ်တိုင်များ

စာရေးသူ ဒေါက်တာသိန်းဌေးဝင်း ပြုစုရေးသားထုတ်ဝေသည့် ဖြတ်သန်းခဲ့သော ဘဝမှတ်တိုင်များစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

စာအုပ်တွင် မိုးဟိန်းအဆင့် (၁) စစ်ဆင်ရေးအတွေ့အကြုံ တစ်စိတ်တစ်ဒေသ၊ အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုး၊ တောအလယ်မောတယ် ကိုးကန့်နှင့်မုံးကိုးနယ်၊ ဘယ်တောများကျမှ ငြိမ်းချမ်းတော့မှာလဲ၊ ငြိမ်းချမ်းမှု၏အရသာ၊ ဝေးလံခေါင်သီနယ်ခြားဆီသို့ ဆေးကုသရေးခရီးစဉ်များ၊ သိုးငယ်တစ်ကောင်နှင့် ဝံပုလွေတစ်အုပ်၊ ကိုဗစ်နှင့်ကျွန်တော်၊ အစွဲနှင့်ဝဋ်အမြဲဘေးကမလွတ်၊ ပရလောကသားတို့နှင့်ကြုံတွေ့ခဲ့ရသူများ စသည့်ဆောင်းပါးများနှင့် စာရေးသူတွေ့ကြုံခဲ့ရသော ငယ်စဉ်မှအစ ဆေးကျောင်းသားဘဝ၊ စစ်မှုထမ်းဆရာဝန်ဘဝ၊ ဆေးသုတေသီဘဝ၊ နိုင်ငံခြားခရီးစဉ်တို့တွင် အမှတ်ထင်ထင်ကြုံဆုံခဲ့ရသော ဖြစ်ရပ်များ၊ လုပ်ဖော်ကိုင်ဖက်တို့၏ ဘဝမှတ်တိုင်များ၊ ဘာသာရေးဆိုင်ရာသိမှတ်ဖွယ်ရာများအပါအဝင် အခြားဆောင်းပါး အပုဒ် ၅၀ ပါဝင်ရေးသားထားသည်။

**စာအုပ်ကို တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။**

# ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံရောက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး Doses ၅၁၂၀၀၀ သည် ယနေ့နံနက် ၅ နာရီတွင် QATAR လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ရုရှားနိုင်ငံမှ ထုတ်လုပ်သည့် Sputnik Light ကာကွယ်ဆေးများသည် လူတစ်ဦးလျှင် တစ်ကြိမ်သာ ထိုးနှံရန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ပိုမိုလျင်မြန်စွာ လွှမ်းခြုံနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် ဝယ်ယူထားသော Sputnik Light ကိုဗစ်ကာကွယ်ဆေး Doses တစ်သန်းအား ရုရှားနိုင်ငံ မော်စကိုမြို့မှ မြန်မာနိုင်ငံသို့ (၂)ကြိမ်ခွဲပြီး ပို့ဆောင်ပေးခဲ့သဖြင့် ပထမအသုတ်ကာကွယ်ဆေး Doses ၄၈၈၀၀၀ ကို ဇန်နဝါရီ ၁၃ ရက်နှင့် ဒုတိယသုတ် ကာကွယ်ဆေး Doses ၅၁၂၀၀၀ ကို ဇန်နဝါရီ ၁၆ ရက်တွင် ထပ်မံပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောက်တံခါးမြို့နယ်၌ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ကျောက်တံခါး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်း (ကျောက်တံခါး)ကျောင်း၌ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သတ်မှတ်နေရာသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကောက်ယူခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်းနှင့် သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများကို QR Code ပါသည့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးကြောင်း မှတ်တမ်းစာရွက်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **စန်းစန်း(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ဒေသခံပြည်သူ ၂၉၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၃၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၁၉ ဦး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၆၆၁၀၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

**ထိုးနှံပေးလျက်ရှိ**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၅၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၆-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 8 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 9 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| **Anti thrombosis** | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ပွင့်လင်းရာသီ မီးဘေးအန္တရာယ်သတိရှိကြစေချင်

တင်ထက်ထက်ဇော်

နွေ၊ မိုး၊ ဆောင်း ချိန်ခါမရွေး၊ နေရာမရွေး လောင်တတ်သည့် မီးဘေးအန္တရာယ်ကို လူတိုင်း ဂရုပြုသင့်ပါသည်။ မီးဆိုသည်မှာ သုံးတတ်လျှင် လူသားတို့အတွက် အကျိုးရှိဖြစ်ထွန်းစေသော်လည်း စည်းစနစ်တကျမသုံးတတ်ပါက ဘေးဒုက္ခအန္တရာယ် ပေးနိုင်သောရန်သူအသွင် ရောက်ရှိသွားခြင်းကို မီးလောင်မှုများကနေ မျက်ဝါးထင်ထင်မြင်တွေ့နေကြရပြီးဖြစ်သည်။ ထို့ကြောင့် ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးပါသော မီးဘေးအန္တရာယ်ကို အိမ်ထောင်တစ်စုမှသည် ပြည်သူလူထုတစ်ရပ်လုံး စုပေါင်းကြိုတင် ကာကွယ်ထားသင့်ပါသည်။

မီးလောင်ခြင်းဆိုသည်မှာ အပူနှင့် အလင်းထွက်ပေါ်လာသည့် ဓာတ်ပြုမှုဖြစ်သည်။ မီးလောင်မှုဖြစ်ပွားနိုင်သော အခြေခံအချက်သုံးချက်ဖြစ်သည့် လောင်စာ၊ အောက်ဆီဂျင်နှင့် အပူရှိန်တို့အနက်မှ တစ်ခုခုကိုဖယ်ရှားလိုက်လျှင် မီးလောင်မှုရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနှံ့အပြား နှစ်စဉ် မီးလောင်မှုဖြစ်ပွားလေ့ရှိပြီး (က) မြန်မြန်ဆန်ဆန် မီးငြိမ်းသတ်နိုင်မှု၊ (ခ) အဆောက်အအုံများ၏ မီးလောင်နိုင်မှုအခြေအနေ၊ (ဂ) မီးလောင်သည့်နေရာ၊ (ဃ) လူနေအိမ်အစိပ်အကျဲ စသည့် အခြေအနေပေါ်မူတည်၍ ဆုံးရှုံးမှုမှာလည်း အနည်းအများ ရှိတတ်ပါသည်။

### မီးနှင့်ရေ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အင်း၊ အိုင်များတွင် ရာသီဥတု ပူပြင်းခြောက်သွေ့လာပါက ရေခန်းခြောက်စေမည်။ ရာသီဥတုကြောင့် အလွယ်တကူ မီးလောင်နိုင်သည်။ ရေမရှိလျှင် မီးငြိမ်းသတ်ရန် မစွမ်းနိုင်ပေ။ ထို့ကြောင့် ရေကို စနစ်တကျ ချွေတာသုံးစွဲတတ်ဖို့လိုပါသည်။ အလဟဿဖြုန်းတီးမပစ်သင့်ပေ။



### မီးဘေးအန္တရာယ်

မီးလောင်ရသည့်အကြောင်းများမှာ ပေါ့ဆမီး ကြောင့်အများဆုံးဖြစ်ပြီး မီးဖိုမီး၊ အလိုအလျောက် လောင်သည့်မီး၊ လျှပ်စစ်မီး၊ တောမီး၊ မသမာသူ ရှို့မီး စသည်တို့ကြောင့် မီးလောင်မှုဖြစ်ပွားရသည်။

**မီးဖိုမီး စတင်ဖြစ်ပွားရသည့် အချက်များမှာ –**

- မီးဖိုတွင် မီးကြွင်းမီးကျန်ရှိခြင်း၊
- မီးဖိုမီးကို လိုသည်ထက်ပို၍ သုံးစွဲခြင်း၊
- မီးဖိုအသုံးပြုစဉ် အစောင့်မရှိခြင်း၊
- ကျပ်ခိုးများသို့ မီးစွဲခြင်း၊
- ဆီအိုးအပူလွန်ကဲခြင်း၊
- မီးဖိုနှင့် ထရံအကာနီးကပ်နေခြင်း၊
- ဓာတ်ဆီ၊ ရေနံဆီနှင့် မီးမွှေးခြင်း၊
- မီးလောင်လွယ်သောပစ္စည်းများ၊ လောင်စာဆီများကို မီးဖိုအနီးထားရှိခြင်း၊
- အသက်အရွယ်ကြီးရင့်သူ၊ မသန်စွမ်းသူနှင့် ကလေးသူငယ်များက ချက်ပြုတ်ကြော်လှော်ခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။

**ပေါ့ဆမီးဆိုသည်မှာ –**

- ကိုင်တွယ်သုံးစွဲသူ၏ သတိမေ့လျော့မှု၊
- ဆေးလိပ်သောက်ပြီး မငြိမ်းသတ်ခဲ့ခြင်း၊
- ဘုရားမီးပူဇော်ပြီး စောင့်မကြည့်ခြင်း၊
- လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်ထွန်းထားခြင်း၊
- ခြင်ဆေးခွေကို အောက်ခံမပါဘဲ သုံးစွဲခြင်း၊
- ကလေးသူငယ်များက မီးခြစ်များ အလွယ်တကူ ယူဆော့ခြင်း၊
- ဈေးဆိုင်ခန်းများ ပိတ်သိမ်းရာတွင် လျှပ်စစ်မီးခလုတ်များ ဖွင့်ထားခဲ့မိခြင်း၊
- လျှပ်စစ်သွယ်တန်း ဝိုင်ယာကြိုးများ ဟောင်းလွန်း၍ ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊

**အထက်ဖော်ပြပါ မီးဘေးအန္တရာယ်များအတွက် ဆောင်ရန်အချက်များမှာ –**

- မီးဖိုနံဘေးတွင်လုံလောက်သောအကာအရံများ ထားရှိရန်။
- အိမ်တိုင်းတွင် မီးသတ်ဆေးဘူး၊ မီးကပ်၊ မီးချိတ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်။
- မီးကင်းစောင့်ခြင်း၊ လှည့်လည်သတိပေးခြင်းများ စီစဉ်ဆောင်ရွက်ထားရန်။
- လျှပ်စစ်မီးကြိုး အပေါက်အပြဲများကို ကျွမ်းကျင်သူများနှင့် ပြင်ဆင်ရန်။
- ဂက်စ်မီးဖိုအသုံးပြုရာတွင် လေဝင်လေထွက်ကောင်းစေရန်အတွက် ပြတင်းပေါက်များ ဖွင့်ထားရန် စသည်တို့ဖြစ်ကြသည်။

ပူပြင်းခြောက်သွေ့သောနွေရာသီတွင် တောမီးလောင်ခြင်းများလည်း မကြာခဏဖြစ်တတ်ပါသည်။ ထူးခြားဖြစ်စဉ်အဖြစ် လွန်ခဲ့သောလေးနှစ်ခန့်က မြန်မာပြည်တစ်ဝန်း အလေးထားစရာနေရာကြီးသုံးနေရာတွင် တောမီးလောင်ကျွမ်းခဲ့သည်။ ၎င်းတို့မှာ ဖွဲ့ကပင်တောင် တောမီး၊ တောင်ကြီးမြို့ တောမီးနှင့် နတ်တလင်းတောင်ကြိုးဝိုင်းတောင်ပေါ်တောမီးတို့ ဖြစ်ကြသည်။ တောမီးလောင်၍ တောတောင်များပြုန်းလျှင် ရာသီဥတုဒဏ်ကို တိုက်ရိုက်ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် နောင်လာနောက်သားများအတွက် ယခုအချိန်မှစ၍ လူတစ်ဦးသည် တစ်နှစ်လျှင် အနည်းဆုံး သစ်ပင်တစ်ပင်စီ ပုံမှန်စိုက်ပျိုးသောအလေ့အထကို ကြိုးစားပြုမူသင့်ပေသည်။

### မီးလောင်သောအခါ

မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့် မိမိပယောဂကြောင့် ဖော်ပြပါပေါ့ဆမီးများ မဖြစ်ရအောင် သတိရှိစွာဆင်ခြင်ပါ။ **“လူခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင်အပြုတ်နှံ့”** ဆိုသည့်အတိုင်း အသက်၊ အိုးအိမ်၊ စည်းစိမ် အလုံးစုံ အနိဋ္ဌာရုံဘေးများမှ လွတ်မြောက်ရန်အတွက် မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင် နေ့စဉ်လူနေမှုဘဝကို သတိရှိစွာဖြင့် မီးဘေးကို အလေးထားဆင်ခြင်သုံးတတ်ဖို့လိုပါသည်။ အကယ်၍ မီးလောင်မှုဖြစ်ပါက–

- အချက်ပေးခေါင်းလောင်းသံခေါက်ပါ။
- ထွက်မပြေးပါနှင့်။ ကျိတ်၍မငြိမ်းပါနှင့်။ ပတ်ဝန်းကျင်သို့အကူအညီတောင်းပါ။
- မိမိနေအိမ် တိုက်တာအဆောက်အအုံများတွင် မီးငြိမ်းသတ်ဆေးဘူး အနည်းဆုံး တစ်ဘူးကို အရန်သင့်ထားရှိပါ။ ရုတ်တရက် မီးလောင်မှုဖြစ်ပွားပါက နေအိမ်တွင်အသင့်ရှိသော မီးငြိမ်းသတ်ဆေးဘူးဖြင့် လက်ဦးမှုရယူပါ။
- အိမ်တိုင်းတွင် မီးသတ်ဆေးဘူးအပြင် မီးချိတ်မီးကပ်၊ ရေအိတ်၊ သဲအိတ်များ ကြိုတင်ဆောင်ထားသင့်ပါသည်။ မီးလောင်သောအခါ ၎င်းပစ္စည်းများကိုသုံး၍ အမြန်ငြိမ်းသတ်နိုင်ပေလိမ့်မည်။
- နီးစပ်ရာ မီးသတ်စခန်းကို အမြန်ဆုံး အကြောင်းကြားပါ။ (မိမိနေထိုင်ရာ မြို့နယ်မီးသတ်စခန်း၏ ဖုန်းနံပါတ်များကို နေအိမ်အတွင်း အလွယ်တကူ မြင်သာထင်သာရှိမည့်နေရာတွင် ရေးမှတ်ထားပါ)
- မီးသတ်ကားများ ဝင်လမ်း၊ ထွက်လမ်း၊ ပိတ်ဆို့မှုမရှိစေရေး ကူညီပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ပါ။

**မီးလောင်မှုဖြစ်၍ မီးခိုးအန္တရာယ်ကြုံတွေ့ရလျှင် –**

- စိတ်ကိုတည်ငြိမ်စွာထိန်း၍ ကြမ်းပြင်ပေါ်သို့မှောက်ချပါ။
- မိသားစုဝင်အားလုံးသိရှိနိုင်အောင် အော်ဟစ်၍ အကြောင်းကြားပါ။
- တံခါးပေါက်ရှိရာသို့ လေးဖက်ထောက် (သို့မဟုတ်) မိချောင်းတက်အနေအထားဖြင့် အမြန်ထွက်ခွာပါ။ မိသားစုအားလုံး အပြင်သို့ရောက်လျှင် တံခါးပြန်ပိတ်ပါ။
- လွတ်မြောက်နေရာသို့ အမြန်ဆုံးထွက်ခွာရင်း ပတ်ဝန်းကျင်မှ သိရှိအောင် အော်ဟစ်အကူအညီတောင်းပါ။
- မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံးအကြောင်းကြားပါ။
- အသက်ရှူကိရိယာမရှိပါက လက်ကိုင်ပဝါ (သို့မဟုတ်) အဝတ်ကို ရေဆွတ်ပြီး နှာခေါင်းကို ပိတ်၍စည်းထားပါ။
- အထပ်မြင့်အဆောက်အအုံပေါ်မှ မီးဘေးလွတ်မြောက်ရန် ခုန်ချခြင်းမပြုလုပ်ပါနှင့်။

**ပူးပေါင်းပါဝင်ရန် သတိပေးနှိုးဆော်ချက်**

**“အမှိုက်ကစ၊ ပြာသာဒ်မီးလောင်”** မဖြစ်ရစေဖို့အတွက် အောက်ပါအတိုင်း ပူးပေါင်းပါဝင် ကူညီပေးသင့်ပါသည်။

- မီးလောင်မှုဖြစ်သောအခါ သက်ဆိုင်ရာမြို့နယ်မီးသတ်ဌာနသို့ အမြန်ဆုံးသတင်းပို့ပါ။
- မီးလောင်သည့်နေရာသို့ အတိအကျ သတင်းပို့ပါ။
- တတ်သိနားလည်သော မီးသတ်ဝန်ထမ်းများ ရောက်မလာသေးသည်အထိ မီးညွန့်ကျိုးသွားအောင် တတ်စွမ်းသမျှ ကူညီဖြေရှင်းပေးပါ။
- မီးသတ်ကားများ လွယ်ကူလျင်မြန်စွာ အဝင်၊ အထွက်ပြု၍ မီးငြိမ်းသတ်နိုင်ရန်အတွက် ပြည်သူအားလုံး အသိစိတ်ဓာတ်ဖြင့် လမ်းရှင်းပေးထားဖို့လိုပါသည်။
- မီးသတ်ယာဉ်/ စက်များ ရောက်ရှိလာလျှင် မီးလောင်မှုနှင့် အနီးစပ်ဆုံးနေရာသို့ ညွှန်ပြပေးပါ။
- မလိုအပ်ဘဲ ဝိုင်းအုံလျက်ကြည့်မနေဘဲ ဖယ်ရှားပေးခြင်းဖြင့် ကူညီပါ။
- မီးမလောင်သေးသည့် မိမိ၏နေအိမ်များရှိရာသို့ မီးသတ်ယာဉ်များကို ညွှန်ပြခြင်း၊ အတင်းအဓမ္မ ခြိမ်းခြောက်ခေါ်ယူခြင်း၊ အတ္တဆန်စွာ အနှောင့်အယှက်ပြုခြင်းများကို ရှောင်ကြဉ်ပါ။
- မီးသတ်ယာဉ်တစ်စီး၏ ရေဂါလန် ၈၀၀ ပါဝင်မှုသည် အချိန် သုံးမိနစ်မှ ငါးမိနစ်အထိသာ ပက်ဖျန်းနိုင်သည့်အတွက်၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းမှာ ရေငုတ်များ၊ မီးသတ်ရေလှောင်ကန်များ ထားရှိနိုင်ဖို့လိုပါသည်။

စာမျက်နှာ ၁၁ သို့ ❍

> ❝ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်သည့်အနေဖြင့် မိမိပယောဂကြောင့် ဖော်ပြပါပေါ့ဆမီးများ မဖြစ်ရအောင် သတိရှိစွာဆင်ခြင်ပါ။ “လူခိုးလျှင် အစုတ်ကျန်၊ မီးခိုးလျှင်အပြုတ်နှံ့” ဆိုသည့်အတိုင်း အသက်၊ အိုးအိမ်၊ စည်းစိမ်အလုံးစုံ အနိဋ္ဌာရုံဘေးများမှ လွတ်မြောက်ရန်အတွက် မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင် နေ့စဉ်လူနေမှုဘဝကို သတိရှိစွာဖြင့် မီးဘေးကို အလေးထားဆင်ခြင်သုံးတတ်ဖို့လိုပါသည်။ မိမိနေထိုင်ရာ အိမ်ရာ၊ ရပ်ကွက်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ပြည်သူတစ်ဦးချင်းစီက စည်းကမ်းရှိစွာဖြင့် သတိရှိကြမည်ဆိုပါလျှင် ရန်သူမီးဝါးမျိုခြင်းအန္တရာယ်မှ ကင်းဝေးနိုင်မည် ❞

# မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်ရှည်သီးနှံပင်ဖြစ်သည့် ပိုးစာပင်စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် နှစ်ရှည်သီးနှံပင်ဖြစ်သည့် ပိုးစာပင် စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိကြောင်း ပြင်ဦးလွင်မြို့ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၏တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဝင်းက ပြောကြားသည်။

**ဌာနပိုင်ခြံ ငါးခြံရှိ**

တိုင်းဒေသကြီးအတွင်း ပိုးချည်ဌာန၏ ဌာနပိုင်ခြံ ငါးခြံရှိကြောင်း၊ အဆိုပါခြံများသည် ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန၊ ပိုးအိမ်ထုတ်ပိုးစာခြံ၊ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၊ ဒိုးကွင်ပိုးစာခြံနှင့် ထုံးဘိုပိုးစာခြံတို့ဖြစ်ပြီး၊ ပုဂ္ဂလိကအနေဖြင့် ကောင်းမြန်မာအောင်ကုမ္ပဏီကလည်း စိုက်ပျိုးထားပြီး တိုင်းဒေသကြီးအတွင်း စုစုပေါင်း ပိုးစာပင်စိုက်ဧက ၁၅၃ ဒသမ ၅ ဧက စိုက်ပျိုးထားရှိကာ ယင်းခြံများမှ ပိုးဥကတ်ကို ၁၁၅ ကတ်မွေးပြီး ပိုးအိမ်ပေါင်း ၆၀၀၀ ကျော် နှစ်စဉ်ထုတ်ပေးနိုင်ကြောင်း သိရသည်။



"ပိုးစာပင်က နှစ်ရှည်ပင်ဖြစ်ပါတယ်။ မိုးတွင်းကာလ မေလနဲ့ ဇွန်လမှာ အပြီးစိုက်ပျိုးလေ့ရှိပါတယ်။ ပိုးစာက တစ်ခါစိုက်ပြီးရင် နှစ် ၂၀ လောက်အထိ သုံးလို့ရတဲ့နှစ်ရှည်ပင် ဖြစ်ပါတယ်။ အဝတ်အထည်ရက်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ပိုးချည်ရရှိဖို့ရည်ရွယ်ပြီး ပိုးမွေးမြူဖို့အတွက် ပိုးကောင်လေးတွေရဲ့အစာအဖြစ် ပိုးစာပင်ကို စိုက်ပျိုးကြတာဖြစ်သလို အခုနောက်ပိုင်းမှာ ပိုးစာပင်က ပိုးမွေးဖို့ တစ်ခုတည်းမဟုတ်ဘဲ လူတွေရဲ့ကျန်းမာရေးကို အထောက်အကူပြုတဲ့အတွက် ပိုးစာသီးကို ဒီအတိုင်းစားကြသလို ပိုးစာသီးဝိုင်၊ ပိုးစာသီးယို၊ ပိုးစာရွက်လက်ဖက်ခြောက်တို့ကိုလည်း ပြုလုပ်လာကြပါတယ်။ ပိုးမွေးပြီး ရရှိလာတဲ့ ပိုးအိမ်များမှာ ကော်လဂျင်များစွာ ပါဝင်တဲ့အတွက်လည်း အလှကုန်ပစ္စည်းတွေ၊ ဆပ်ပြာတွေ၊ ခေါင်းလျှော်ရည်တွေ ထုတ်လုပ်ကြပါတယ်။ ပိုးစာပင်ကို စိုက်စနစ်အမျိုးမျိုးနဲ့ စိုက်ပျိုးလို့ရပါတယ်။ ဌာနပိုင်ခြံအနေနဲ့ များသောအားဖြင့် (၅ ပေx ၂ ပေ)၊ (၆ ပေx ၂ ပေ) စိုက်စနစ်တွေနဲ့ စိုက်ကြတယ်။ ခုနောက်ပိုင်းမှာ တောင်သူတွေက တစ်ဧကရဲ့ အထွက်နှုန်းကို တိုးတက်ချင်တာကြောင့် တစ်ဧကအပင်ရေများများဝင်ဆံ့တဲ့ (၃ ပေ x ၁ ပေ) စိုက်စနစ်တွေနဲ့လည်း စိုက်ပျိုးလာကြပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ပိုးစာပင်မျိုး အမျိုးအစားများစွာရှိပြီး လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ပိုးစာပင်မျိုး ၁၄ မျိုး ထိန်းသိမ်းထားရှိရာ ယခုနောက်ပိုင်းတွင် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် စပ်မျိုးများကိုလည်း စိုက်ပျိုးလာကြကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ပိုးစာပင်စိုက်ပျိုးဧက ၅၆၀၀ ကျော်ရှိပြီး ပိုးဥကတ် ၁၅၀၀၀ ကျော် မွေးမြူကြကာ ပိုးအိမ်ပေါင်း ခုနစ်သိန်းခွဲနီးပါးထွက်ရှိကြောင်း၊ ပိုးချည်အနေဖြင့် ဌာနပိုင်ပိုးချည်စက်ရုံနှစ်ရုံမှ တစ်နှစ်လျှင် ပိုးချည်ပေါင် ၆၀၀ ကျော် ထွက်ရှိပြီး တောင်သူများမှ ထုတ်လုပ်သည့် ပိုးအိမ်များကို ပြည်ပသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရေအားလျော့နည်းပြတ်တောက်မည့် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)သည် ရန်ကုန်မြို့ အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များသို့ ရေပေးဝေလျက်ရှိသော ကုက္ကိုင်းရေလှောင်ကန်သို့ ရေပြည့်ဝစွာရောက်ရှိနိုင်ရန်အတွက် ရေကူးရေတွန်းစက်ရုံဝင်းအတွင်းရှိ ဂျိုးဖြူပိုက် (၅၆ "Ø MS) ယိုစိမ့်မှုအား ပိုက်အသစ်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၁၈-၁-၂၀၂၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ ည (၂၄:၀၀)နာရီအထိ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်းနှင့် ၁၉-၁-၂၀၂၂ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီအထိ ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော တောင်ဥက္ကလာပ၊ ရန်ကင်း၊ မရမ်းကုန်း၊ ဗဟန်း၊ ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များတွင် ရေအားလျော့နည်းပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေသုံးစွဲသူပြည်သူများအနေဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ပါရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်း

**နတ်တလင်း ဇန်နဝါရီ ၁၆**

ပဲခူး တိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုမျိုးစုံထိုးနည်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက် များနှင့်အညီ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းတွင် လက်တွေ့ပြုလုပ်ထားသော ယိုမျိုးစုံတို့ကို ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြောင်း သိရသည်။

အဆိုပါ ယိုမျိုးစုံထိုးနည်းသင်တန်းတွင် နတ်တလင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ယိုမျိုးစုံထိုးနည်းနှင့် ပတ်သက်သည့် ပညာရပ်များကို သင်တန်းနည်းပြဆရာမက စာတွေ့၊ လက်တွေ့ ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သုတ**

○ စာမျက်နှာ ၁၀ မှ

**သူနာပြုအရေးပေါ်ကားမလာမီ မီးလောင်ခံရသူကို ရှေးဦးပြုစုနည်း**

- မီးခိုးမွှန်ခြင်းအတွက် အကောင်းဆုံးသော ရှေးဦးသူနာပြုနည်းမှာ ဦးစွာပထမ လေကောင်းလေသန့် ရရှိသောနေရာသို့ လူနာကိုရွှေ့ပေးပါ။ ပြီးနောက် အဝတ်ကို ရေဆွတ်၍ ရှူပေးခိုင်းပါ။
- မီးလောင်ထားသောအဝတ်ကို အတင်းဆွဲမချွတ်ပါနှင့် (ကိုယ်အရေပြားနဲ့ အသားစများ အဝတ်အထည်မှာ ကပ်ငြိပါသွားစေသဖြင့် နောက်ဆက်တွဲဒဏ်ရာများဖြစ်လာနိုင်သည်)
- လူနာဝတ်ဆင်ထားသော အဝတ်အစားများပေါ်တွင် မီးစမီးတောက် မမြင်တွေ့သော်ငြား အတွင်းလှိုက်၍ တဖြည်းဖြည်း လောင်ကျွမ်းနေခြင်း ရှိ၊ မရှိ သေချာစစ်ဆေးပေးပါ။
- ပြင်းပြင်းထန်ထန် လောင်ကျွမ်းနေသော ဒဏ်ရာကို ရေစိမ်/ရေလောင်းခြင်းမပြုပါနှင့်။ ရုတ်တရက် ရေအေးလောင်းလိုက်သောအခါ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ တစ်မုဟုတ်ချင်း ကျဆင်းသွားသော ကိုယ်အပူချိန်နှင့် သွေးဖိအားတို့ ရုတ်တရက်တွန်းကန်မှုကြောင့် လူနာကိုသတိလစ်မေ့မြောစေတတ်သည်။
- အသက်ရှူခြင်း၊ ချောင်းဆိုးခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခု လှုပ်ရှားခြင်း ရှိ၊ မရှိစစ်ဆေးပါ။ အကယ်၍ လုံးဝလှုပ်ရှားမှုမရှိ ငြိမ်သက်နေပါက Cardio Pulmonary Resucitation(CPR) (ခေါ်) နှလုံး၊ အဆုတ်တို့ကို ပြန်လည်အလုပ်လုပ်စေသော ရှေးဦးသူနာပြုနည်းများဖြစ်ကြသည့် ပါးစပ်ချင်းတေ့၍ လေမှုတ်သွင်းပေးနည်း၊ လက်ဝဲဘက်ရင်အုံပေါ်သို့လက်ဖြင့် ဖိလိုက်ကြွလိုက်လုပ်၍ နှလုံးခုန်စေသောနည်း စသည်တို့ဖြင့် ပြုစုပေးပါ။
- သွေးလည်ပတ်မှု ကောင်းစေရန်အတွက် မီးလောင်ခံရသောဒဏ်ရာကို နှလုံးထက်မြင့်သော ကိုယ်ဟန်အနေအထားဖြင့် အပေါ်သို့ မတင်ပေးထားပါ။
- မီးလောင်ကျွမ်းခံရသော ဒဏ်ရာပေါ်တွင် သန့်စင်သောအဝတ်စကို ရေဆွတ်ပြီး အသာအယာတင်ထားပေးပါ။

အချုပ်အားဖြင့်ဆိုသော် မိမိနေထိုင်ရာ အိမ်ရာ၊ ရပ်ကွက်မှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ မီးဘေးအန္တရာယ်ကင်းဝေးစေရန် ပြည်သူတစ်ဦးချင်းစီက စည်းကမ်းရှိစွာဖြင့် သတိရှိကြမည်ဆိုပါလျှင် ရန်သူမီးဝါးမျိုခြင်းအန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

## ဘူးသီးတောင်မြို့နယ်၌ အိုမီခရွန်ရောဂါကာကွယ်ရေး အသိပညာပေးနှိုးဆော်



**ဘူးသီးတောင် ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ မျိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှကျော်( ပြန်/ ဆက်)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဖိလစ်ပိုင်နိုင်ငံက Black Hawk ရဟတ်ယာဉ်သစ် ၃၂ စင်း ဝယ်ယူမည်

**မနီလာ ဇန်နဝါရီ ၁၆**

ဖိလစ်ပိုင်နိုင်ငံသည် သက်တမ်းကြာမြင့်နေပြီဖြစ်သော စစ်လက်နက်စွမ်းပကားကို အဆင့်မြှင့်တင်ရန် အင်ဂျင်စက်နှစ်လုံး တပ်ဆင်ထားသည့် Black Hawk အမျိုးအစား ရဟတ်ယာဉ်သစ် ၃၂ စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီးက ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် အမေရိကန်ပြည်ထောင်စုက အသုံးပြုခဲ့သည့် ဗီယက်နမ် စစ်ပွဲကာလရဟတ်ယာဉ်များနှင့် ဒုတိယကမ္ဘာစစ်ကာလ စစ်သင်္ဘောများကို အဆင့်မြှင့်တင်ရန် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

ပိုလန်နိုင်ငံအခြေစိုက် အမေရိကန်ကာကွယ်ရေးစက်ရုံဖြစ်သည့် လော့ခ်ဟိမာတင်က ပိုင်ဆိုင်သော ကာကွယ်ရေးကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သည့် S-70i Black Hawk အမျိုးအစား ရဟတ်ယာဉ် ၃၂ စင်းအနက် ပထမအသုတ် ရဟတ်ယာဉ်များသည် လာမည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဒယ်လ်ဖင်လိုရင်ဇာနာက ၎င်း၏ တရားဝင် ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်များသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနှင့် သဘာဝဘေးဒဏ်တုံ့ပြန်ရေးအတွက် လိုအပ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် လေတပ်၏ Bell UH-1H အမျိုးအစား ရဟတ်ယာဉ် ပျက်ကျခဲ့ပြီးနောက် ယင်းလေယာဉ်အုပ်စု နေရာတွင် အစားထိုးလဲလှယ်ရန် S-70i Black Hawk ရဟတ်ယာဉ် ၁၆ စင်းကို ဝယ်ယူရန် ယမန်နှစ်က မှာယူခဲ့ပြီး ယင်းတို့အနက် လေယာဉ်အများအပြားကို ဖိလစ်ပိုင်၏ ရေရှည်စစ်ဘက် မဟာမိတ်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုထံမှ ရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်လေတပ်၏ လေ့ကျင့်မှုတစ်ရပ်ပြုလုပ်စဉ် S-70i အမျိုးအစား ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီး လူခြောက်ဦး သေဆုံးခဲ့ပြီးနောက် ယမန်နှစ်ဇွန်လက Black Hawk ရဟတ်ယာဉ်အားလုံးကို ပျံသန်းခွင့်ရပ်ဆိုင်းလိုက်သည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၇၅ သန်းဖြင့် အိန္ဒိယထုတ် သင်္ဘောဖျက်ဒုံးကျည်စနစ်တစ်ခု ဝယ်ယူမည်ဖြစ်ပြီး ယင်းဒုံးကျည်စနစ်သည်ဖိလစ်ပိုင်၏ကာကွယ်ရေးစွမ်းပကားကို တိုးမြှင့်စေမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးလိုရင်ဇာက ဇန်နဝါရီ ၁၄ ရက်တွင် ကြေညာခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် တောင်ကိုရီးယားနိုင်ငံ၏ ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းမှ စစ်သင်္ဘောသစ်နှစ်စင်း မှာယူခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**





# ငယ်ရွယ်သောဆရာဝန်များ၏ အခန်းကဏ္ဍအရေးကြီးကြောင်း လစ်ဗျားဝန်ကြီးချုပ် ပြောကြား

**ထရီပိုလီ ဇန်နဝါရီ ၁၆**

လစ်ဗျားနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြှင့်တင်ရန်အတွက် ငယ်ရွယ်သော ဆရာဝန်များ၏ လုပ်ငန်းစွမ်းဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးကြောင်း လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူဟာမစ် ဒီဘီဘာက ပြောကြားသည်။

မိမိတို့သည် နိုင်ငံအတွင်း ငယ်ရွယ်သော ဆရာဝန်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုကြောင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်လာသည်ကို မြင်တွေ့နေရကြောင်း ထရီပိုလီမြို့တွင် ကျင်းပသည့် ဆေးပညာဖိုရမ်၌ ၎င်းက ပြောကြားသည်။

၎င်းဆေးပညာဖိုရမ်အား နိုင်ငံတစ်ဝန်းရှိ ဆရာဝန်များနှင့် ဆေးကျောင်းသားများ တက်ရောက်ကြပြီး ဆေးပညာဆိုင်ရာအချက်အလက်များနှင့် ငယ်ရွယ်သော ဆရာဝန်များ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေရန် ကျင်းပခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံအတွင်း နှစ်အတန်ကြာ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံသားများအား ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ အခြေခံခံစားခွင့်များရရှိစေရန် တာဝန်ရှိသူများက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၁၄ ရက်တွင် ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ကြောင်း ဂျပန် ပြောကြား

**တိုကျို ဇန်နဝါရီ ၁၆**

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ ၁၄ ရက်တွင် ဒုံးကျည်နှစ်စင်းပစ်လွှတ်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားသည်။ အဆိုပါ ဒုံးကျည်နှစ်စင်းသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်အမျိုးအစားဖြစ်မည်ဟု ယုံကြည်ရကြောင်းလည်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါဒုံးကျည်များကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မြောက်ကိုရီးယားနိုင်ငံမြောက်ပိုင်းဒေသမှ အရှေ့ဘက်သို့ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းဒုံးကျည်များသည် အမြင့် ကီလိုမီတာ ၅၀ ခန့်အထိ ရောက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်ပြင်ပ မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းအနီး ကျရောက်ဖွယ်ရှိကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုများနှင့် စပ်လျဉ်း၍ လိုအပ်သော သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့်စောင့်ကြည့်ရေးလုပ်ငန်းများကိုလုပ်ဆောင်ရန် အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံများနှင့်အတူ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ဂျပန်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အကောင်းဆုံး ကာကွယ်နိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၆၈၄ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇန်နဝါရီ ၁၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၆၈၄ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၅၆၄၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၄၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၂၃၅၄၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၆၀၉ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၁၇၂၇၂၉၀ ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၆၈ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း၊ ယင်းကာကွယ်ဆေးများအနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၇၂ ဒသမ ၃ သန်းအား ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်းနှင့် ၁၇ ဒသမ ၁ သန်းအား တတိယအကြိမ် အပိုဆောင်းထိုးနှံရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၆၆၅၂ ဦးရှိ

**ဗျူနိုအေးရိစ် ဇန်နဝါရီ ၁၆**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၆၆၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူပေါင်း ၇၀၂၉၆၂၄ ဦးရှိလာကြောင်း အာဂျင်တီးနား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၁၇၉၈၉ ဦးရှိလာကြောင်း သိရသည်။



လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၆၅ ဦး ရှိကြောင်းလည်း သိရသည်။

ထို့ပြင် အာဂျင်တီးနားနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၈၂၀၂၆၅၈၈ လုံး အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## စင်ကာပူနိုင်ငံ၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ် တစ်သိန်းကျော် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်

**စင်ကာပူ ဇန်နဝါရီ ၁၆**

စင်ကာပူနိုင်ငံ၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ် တစ်သိန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။



ယင်းအရေအတွက်သည် စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီးဌာနအောက်ရှိ မူလတန်းကျောင်းများမှ မူလတန်းကျောင်းသားအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ခြင်းကို ဆိုလိုကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ အဆိုပါ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည့် အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ဇန်နဝါရီ ၁၇ ရက်တွင်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အလင်းသစ်**

## ရုရှားနိုင်ငံ၌ ဇူလိုင် ၅ ရက်နောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀၀ အောက် ပထမဆုံးအကြိမ် ကျဆင်း

**မော်စကို ဇန်နဝါရီ ၁၆**

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၈၆ ဦးရှိခြင်းကြောင့် ယင်းအရေအတွက်သည် ဇူလိုင် ၅ ရက်နောက်ပိုင်း အဆိုပါရောဂါဖြင့်သေဆုံးသူ ၇၀၀ အောက် ပထမဆုံးအကြိမ် ကျဆင်းလာခဲ့ကြောင်းနှင့် လက်ရှိတွင် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၁၃၂၀ ရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၂၃၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၈၀၃၅၃၄ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၂၇၃၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၈၅၈၆၁၅ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၆၂၃၅၉၉ ဦးရှိကြောင်း သိရပြီး မြို့တော်မော်စကိုသည် အဆိုပါ ရောဂါကူးစက်မှုအများဆုံး ဖြစ်ပွားသည့် ဒေသဖြစ်ကြောင်း သိရသည်။ ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၄၈၀ ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၂၀၈၈၇၀၄ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူ ၅၇ ဒသမ ၂၄ သန်းကျော်ရှိ

**အန်ကာရာ ဇန်နဝါရီ ၁၆**

တူရကီနိုင်ငံ၌ နိုင်ငံသား ၅၇ ဒသမ ၂၄ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီနိုင်ငံ၌ နိုင်ငံသား ၅၂ ဒသမ ၁၁ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် တတိယအကြိမ်အပိုဆောင်းထိုးနှံပေးသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၃၉ ဒသမ ၀၇ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၉၆၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၀၄၀၃၀၆၄ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၇၇ ဦး ထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၈၄၆၂၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၂၀၁၆ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇ သန်းကျော် ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၁၂၀၂ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၁၂၂၁၆၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်သိန်းကျော်ရှိလာခဲ့သည်မှာ လေးရက်ရှိခဲ့ပြီဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၃၁၄ ဦး ထပ်မံသေဆုံးခဲ့သဖြင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၄၈၆၀၆၆ ဦးရှိလာခဲ့သည်။ လက်ရှိအချိန် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၁၅၅၀၃၇၇ ဦးရှိသည်။

ထို့ပြင် ပြီးခဲ့သည့်တစ်ရက် အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာပြီး ဆေးရုံမှ ဆင်းသွားသူ ၁၃၈၃၃၁ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၅၀၈၅၇၂၁ ဦးရှိလာသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၇၄၃ ဦးရှိလာပြီး ၎င်းဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအား မဟာရက်ရှ်ထရာ၊ ရာဂျာစသန်နှင့် ဒေလီတို့၌ အများဆုံး တွေ့ရှိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## Apple နည်းပညာကုမ္ပဏီမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပြီးမှသာ လုပ်ငန်းခွင် ဝင်ရောက်ခွင့်ပြုမည်

**နယူးယောက် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံမှ Apple နည်းပညာကုမ္ပဏီသည် ၎င်း၏ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူပြီးစီးကြောင်း ဆေးလက်မှတ်ပြသနိုင်မှသာ လုပ်ငန်းခွင်ဝင်ရောက် အလုပ်လုပ်ကိုင်ခွင့်ပြုသည့်စနစ်အား ကျင့်သုံးသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ပြောကြားချက်အရ သိရသည်။

ဇန်နဝါရီ ၂၄ ရက်မှစတင်၍ အဆိုပါနည်းပညာကုမ္ပဏီ၌ လာရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသည် အကယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးပါက တစ်လအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို ခံယူရမည်ဖြစ်သည်။



အမေရိကန်နိုင်ငံအတွင်း လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေခြင်းကြောင့် အမေရိကန်နိုင်ငံရှိ ကုမ္ပဏီအများအပြားမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းကို ဆောင်ရွက်စေလျက်ရှိကြောင်း သိရသည်။ မကြာသေးမီအချိန်က ဖေ့စ်ဘွတ်၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော မီတာနည်းပညာကုမ္ပဏီကလည်း ၎င်း၏ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် နည်းပညာကုမ္ပဏီများဖြစ်သည့် ဂူးဂဲလ်နှင့် အမေဇုန်တို့ကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ချက်များ၌ ဂူးဂဲလ်ကုမ္ပဏီ၏ ရုံးအဆောက်အအုံသို့ ဝင်ရောက်သူများသည် ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးမှုခံယူရန်လိုအပ်ပြီး အမေဇုန်ကုမ္ပဏီကလည်း ၎င်း၏ ကုန်လှောင်ရုံများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှု ခံယူနိုင်ရန် တစ်ဦးလျှင် ကန်ဒေါ်လာ ၄၀ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - စီဂျီတီအန်၊ ဘာသာပြန် - စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၃၂၇၀၃၄၄၁၇ ဦး | ၅၅၄၉၈၀ ဦး | ၂၆၆၅၈၃၃၀၅ ဦး |

# ကျောက်ဆည်မြို့နယ်၌ ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်းများ) သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေးသွားကားလမ်း ဇလဲကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းရရှိထားသူ စိုးမြင့်နှင့် ထွန်းလင်းတို့ကို DONG FENG ၂၂ ဘီးတွဲကားယာဉ်နှင့်လည်းကောင်း၊ ပူးပေါင်းပါဝင်သည့် ရှိုင်းကိုကိုနှင့် ဝမ်လောက်စီ(ခ) ကွယ်ရုံ(ခ)တာကောတို့ကို ဆိုင်ကယ်ဖြင့်လည်းကောင်း အတူတွေ့ရှိရသဖြင့် စစ်ဆေးရာဖွေရာ တွဲကားယာဉ်ပေါ်တွင် ဒေသကာလတန်ဖိုးငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၉၉၀ နှင့် မြန်မာငွေကျပ် ၂၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ လေးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့်အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ



နေပြည်တော် ဇန်နဝါရီ ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနက ဦးဆောင်၍ ညောင်ခါးရှည်နှင့် ဒိုက်ဦးအကြား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ လမ်းမိုင်တိုင်(၁၉/၆)မိုင်ခန့်တွင် Toyota Hiace ခရီးသည်တင်ယာဉ်နှစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော FUFENG အမှတ်တံဆိပ်အချိုမှုန့် ၂၅ ကီလိုဂရမ်အထုပ် ၃၀၊ LIPO Vitan-D ၇၅ ဖာ၊ Lactasoy ပုံး ၈၀ နှင့် Sue Sat အမှတ်တံဆိပ်ဆပ်ပြာမှုန့် ၂၉ ဖာ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၆

တနင်္သာရီ တိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၆

စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ မိုး/ဇလ




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၁-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၃၀ | ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၃၅ | ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ(၇) | ၁၈:၃၅ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၀၈:၃၅ | စွမ်းအင်များကို အသုံးချ တက်လှမ်းကြမည့် နည်းပညာတစ်ခေတ်ဆီ | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၂၅) |
| ၀၉:၁၅ | မွေးမြူရေးရာအဖြာဖြာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ | ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၂၀) |
| ၁၁:၄၀ | ဘဝနှင့်အနုပညာ | ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'အဆိပ်သင့်ပေတ္တာ' |
| ၁၃:၃၀ | MRTV National News | | |
| ၁၅:၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း | | |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

| | |
|---|---|
| 07:01 | Migadawon (Tekkatho Lei Lei) |
| 07:09 | A Visit To Ye's Coastal Area |
| 07:25 | Applied Myanmar Traditional Martial Art (Part-2) |
| 08:01 | An Ardent Aficionado Of Traditional Design |
| 08:33 | Dragon Boats And Traditional Customs In Tanintharyi |
| 09:01 | News |
| 09:25 | Global Partnership for Brighter Future: Monaco Pavilion at Expo 2020 Dubai |
| 09:32 | A Day Life Of Kayan Padaung Tribe |
| 10:01 | Bamboo souvenirs |
| 10:08 | Up Against The Tide |
| 10:26 | Applied Myanmar Traditional Martial Art (Part-1) |
| 10:50 | Orchid Lover |

### MRTV NRC

**ဗကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှင်သန်နေမဲ့မနက်ဖြန်များ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပဝင်းရော်ဒေသ(အပိုင်း-၈)

**ချင်း(လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၂)

**ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ထောပတ်သီးကြက်ဥလိပ်နှင့် ထောပတ်သီးကြက်ဥပေါင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်စာပေသင်ကြရအောင် (၇) (အပိုင်း-၂)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ(မေသူကျော်)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၇)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝက်နံရိုးချဉ်စပ်ဟင်းရည်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခွေးရိုးရာခေါင်းပေါင်းပေါင်းနည်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
တောင်ပေါ်ဒေသမှအော်ဂဲနစ်စိုက်ခင်း

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

# PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း၌ ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**လက်လုပ်မိုင်းဖြင့် ပစ်ပေါက်**

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စိစစ်ခဲ့ရာ ဇန်နဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်း မြောက်ဘက် ၄၅ လမ်းဘက်မှနေ၍ Click အမျိုးအစားဆိုင်ကယ် စီးနင်းလာသည့် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ရာ ၎င်းဝင်းအတွင်းရှိအဆောင်ရှေ့ ပန်းစိုက်ခင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။





မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအနီး၌ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲမှု မှတ်တမ်းဓာတ်ပုံ။

**သာသနာတော်ညှိုးနွမ်းပျက်စီးစေရန်**


CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ရဟန်း၊ သံဃာတော်များအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သီတင်းသုံးဆောင်ရာ ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ပြည်သူတစ်ရပ်လုံး၏ အထွတ်အမြတ်ထား ပူဇော်လျက်ရှိသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပါမကျန် သာသနာတော် ညှိုးနွမ်းပျက်စီးစေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ရှုံ့ချမုန်းတီးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်မြို့အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ လုပ်ဆောင်နေမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုထိခိုက်မှုမရှိစေရေး လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်အနေဖြင့် ၂၀၂၀ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ်ကြေညာ၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်အား ရယူပြီးနောက် နိုင်ငံတစ်ဝန်းလုံးတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်နေသည့်အပေါ် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ အကြမ်းဖက်သမားများဖြစ်သော PDF အမည်ခံ သောင်းကျန်းသူများက နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုများ သေကျေပျက်စီး၍ အထိတ်တလန့်ဖြစ်ပွားကာ အစိုးရအပေါ် ယုံကြည်မှု ပျက်ပြားလာစေရန် မြို့၊ ရွာများတွင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။




လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားသည့်နေရာပြမြေပုံ။

**စနစ်တကျဝင်ရောက်ဆောင်ရွက်**

ထိုသို့ အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိရာတွင် ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်အတွင်းရှိ ပြည်သူလူထု၏ နေအိမ်အဆောက်အအုံများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ခိုအောင်း၍ အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ပြင်ဆင်စုဖွဲ့လျက်ရှိကြောင်း သတင်းအရ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လုံခြုံရေးကိစ္စရပ်များကို စနစ်တကျဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှုကို အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထုပိုင် နေအိမ်အဆောက်အအုံများအား အကာအကွယ်ပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်မှ ၂ နာရီခွဲထိ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၎င်းအပြင် လွိုင်ကော်မြို့နယ် နန်းမယ်ခုံမြို့အတွင်း ခိုအောင်းရောက်ရှိလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်များက အင်အားဖြည့်လက်နက်၊ ခဲယမ်းများကိုဖြန့်ဝေ၍ လွိုင်ကော်မြို့အတွင်းသို့ အကြမ်းဖက်သူများ ထပ်မံဖြည့်တင်းရန် နန်းမယ်ခုံမြို့အတွင်း စုဝေးလျက်ရှိပြီး အချို့အင်အားစုများမှာ လွိုင်ကော်မြို့အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် ယာဉ်များဖြင့်ထွက်ခွာလာကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် တာဝန်သိပြည်သူများက သတင်းပေးပို့လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး သောင်းကျန်းသူများ၏ စစ်ကူပစ်ကူများအား တပ်မတော်က လေကြောင်းနှင့် အမြောက်တို့ဖြင့် ပိုင်းဖြတ်ပစ်ခတ်၍ ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။

**တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

ထိုသို့ အကြမ်းဖက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထု သေကျေထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုများကို တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူလူထုနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

**■ မြဝတီမြို့မှ**

ဖြစ်စဉ်မှာ ဩရကုမ္ပဏီမှ Fuso အမျိုးအစား ၁၂ ဘီးယာဉ်သည် ရေးမြို့သို့လည်းကောင်း၊ ချစ်လင်းမြိုင်ကုမ္ပဏီမှ Fuso အမျိုးအစား ၁၀ ဘီးယာဉ်သည် မော်လမြိုင်မြို့သို့လည်းကောင်း ထင်းအစားထိုးလောင်စာဆီအဖြစ်အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည် (LP Gas)များ သယ်ဆောင်၍ မြဝတီမြို့မှထွက်ခွာလာစဉ် ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မြဝတီ- ကော့ကရိတ်သွား အာရှလမ်းမကြီးအနီး အပြင်ကွင်းကလေးကျေးရွာ၏အနောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်၊ မီးရှို့မှုများကြောင့် ယာဉ်မောင်းများဖြစ်ကြသည့် ဦးမင်းမင်းတွင် မီးလောင်ဒဏ်ရာများဖြင့်လည်းကောင်း၊ ဦးခင်မောင်သန်းတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးခဲ့ပြီး မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကာ ကျန်မော်တော်ယာဉ်တစ်စီးမှာ လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

မြဝတီမှ Gas သယ်ဆောင်လာသည့် မော်တော်ယာဉ်အား လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှုကို ကာကွယ်နိုင်ရန်အတွက် ပြည်ပ/ပြည်တွင်း လိုက်နာရမည့်လုပ်ငန်းစဉ်များကို အပြည့်အဝ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက "အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ လာရောက်မည့်ခရီးသွားများအတွက် အသွား/အလာ ကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ထပ်မံဖြည့်စွက်ထားသည့် လုပ်ငန်းစဉ်" ကြေညာချက်ကို သံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို ပေးပို့ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

## ကြေညာချက် အနည်းဆုံးတစ်စောင်

မြန်မာနိုင်ငံကို ၂-၁-၂၀၂၂ ရက်နေ့၌ လေကြောင်းဖြင့် ဝင်ရောက်ခဲ့သည့် အမေရိကန်သံတမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူတစ်ဦးနှင့် ၃-၁-၂၀၂၂ ရက်နေ့၌ ဝင်ရောက်ခဲ့သည့် အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးတို့ကို ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း၊ ကိုဗစ်ရောဂါပိုးတွေ့ရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ဆေးရုံများ၌သာ ကုသမှုခံယူရန် အသိပေးခဲ့သော်လည်း အမေရိကန်သံရုံးဝန်ထမ်းတစ်ဦးနှင့် အပေါင်းအပါတို့က မည်သည့်ခွင့်ပြုချက်မျှမပါရှိဘဲ ဟိုတယ်သို့လာရောက်ကာ ပိုးတွေ့ရှိသူ အမေရိကန်နိုင်ငံသားနှစ်ဦးကို ၎င်းတို့အစီအစဉ်ဖြင့် ကုသမည်ဆိုကာ ပြန်လည်ခေါ်ဆောင်သွားခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အိုမီခရွန်ဗိုင်းရပ်စ် ဗီဇမျိုးကွဲများ ကမ္ဘာတစ်ဝန်း လျင်မြန်စွာကူးစက်ပျံ့နှံ့နေသည့်အတွက် ယင်းရောဂါပိုး မြန်မာနိုင်ငံသို့ ဝင်ရောက်လာခြင်းမရှိစေရန်နှင့် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန်အတွက် WHO ၏ စံညွှန်းများနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်၍ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေသောကာလဖြစ်ကြောင်း၊ ထို့အပြင် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၄၁ တွင် "အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ ရရှိသူအားလုံးသည် မိမိတို့၏ အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို မထိခိုက်စေဘဲ၊ လက်ခံသည့်နိုင်ငံ၏ တရားဥပဒေများနှင့် စည်းမျဉ်းဥပဒေများကို လေးစားရန်တာဝန်ရှိကြသည်။ ထို့ပြင် ၎င်းတို့သည် ထိုနိုင်ငံ၏ ပြည်တွင်းရေးရာကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်လည်း တာဝန်ရှိသည်" ဟု ဖော်ပြထားကြောင်း၊ ထိုကဲ့သို့ သတ်မှတ်ချက်များ ရှိနေပါသော်လည်း အမေရိကန်နိုင်ငံသား နှစ်ဦးနှင့် သံရုံးဝန်ထမ်းတို့၏ ဥပဒေနှင့်ဆန့်ကျင်သည့် ပြုမူဆောင်ရွက်မှုသည် သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည့်အပြင် ယင်းလုပ်ရပ်သည် လက်ခံနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် လမ်းညွှန်ချက်များ၊ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာကန့်ကွက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များကို တိတိကျကျလိုက်နာရန် ထပ်မံအသိပေးပြီးဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထူးဆန်းမှုတစ်ခုကို ပြောလိုကြောင်း၊ မြန်မာနိုင်ငံထဲတွင် ဘာဖြစ်ဖြစ် ကြေညာချက် အနည်းဆုံးတစ်စောင်လောက် ထုတ်ရမှကျေနပ်သည့် အမေရိကန်သံရုံးက ထိုကိစ္စနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်၊ ပါးစပ်ပိတ်နေသည်မှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဦးဆောင်နိုင်ငံကြီး၏ သဘောထားအမှန်ကို မိမိတို့မြန်မာပြည်သူလူထုသိအောင်၊ ကမ္ဘာကသိအောင် ပြလိုက်ခြင်းဖြစ်ကြောင်း၊ ထို့အတူ ဘာပဲဖြစ်ဖြစ်ရေးမယ်ဆိုသည့် ပြည်ဖျက်မီဒီယာများ၏ မီဒီယာအပင်းဝင်ပြီး ဘာမျှမပြောဆိုနိုင်မှုကိုလည်း အံ့အားသင့်ဖွယ် မြင်ရမှာဖြစ်ကြောင်း ပြောကြားသည်။

## မသင်မနေရအခြေခံပညာများ

ဆက်လက်၍ ပညာရေးဆိုင်ရာနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်(Human Resources)မှာ အဓိကဖြစ်သည်ကို လက်ခံထားခဲ့ကြကြောင်း၊ လူသားအရင်းအမြစ်ဆိုသည်မှာ "ပညာ" အပေါ် အဓိကမူတည် တည်ဆောက်ခြင်းဖြစ်၍ ပညာရေးရင်းနှီးမြှုပ်နှံမှုကို အဓိက အလေးထားလုပ်ဆောင်ကြကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၈ အရ နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၆၆ အရ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနဲ့အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်" ဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားရခြင်းဖြစ်၍ နိုင်ငံ၏အနာဂတ်လူသားအရင်းအမြစ်ဖြစ်ထွန်းမှု နှောင့်နှေးနစ်နာစေမှုကို ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်သည့်အခြေအနေရောက်ရှိလာသည်နှင့် အမြန် ကျောင်းများပြန်ဖွင့်ရန် ကြိုးစားစီမံခဲ့ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH၊ PDF အဖွဲ့များက ကျောင်းမီးရှို့ဖျက်ဆီးမှု ကျောင်းပေါင်း ၅၀၀ နီးပါး၊ ပညာရေးဝန်ထမ်းများကို သတ်ဖြတ်မှု ၂၀ နီးပါးရှိကြောင်း၊ CDM လုပ်သွားသည့် ပညာရေးဝန်ထမ်းများလည်းရှိသေးကြောင်း၊ ထို့အပြင် ကျောင်းများဖွင့်ရာတွင် မျိုးစုံခြိမ်းခြောက်မှုများသည် ယခုအချိန်အထိရှိနေကြောင်း၊ မိမိတို့ကျောင်းများကို အခက်အခဲများကြားက ဖွင့်ခဲ့ရကြောင်းပြောကြားသည်။


မိမိတို့နိုင်ငံ၏ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် (၅) နှစ်အထက် လူဦးရေထဲမှ ၈ ဒသမ ၁ ရာခိုင်နှုန်း(လူ လေးသန်းနီးပါး)ခန့်သည် ကျောင်းမနေဖူးကြောင်း၊ စာလုံးဝမတတ်သည်ကို တွေ့ရကြောင်း၊ အရွယ်ရောက်ပြီးအသက် (၂၅) နှစ်အထက်အရွယ် လုံးဝကျောင်းမနေဖူးသူ ၉၆၀၀၀၀ (ကိုးသိန်းခြောက်သောင်း) ခန့်ရှိပြီး မူလတန်းကြိုနှင့် မူလတန်းအဆင့်ရှိသူ ၁၁ ဒသမ ၈ သန်းကျော်ခန့်ရှိကြောင်း၊ မူလတန်းအဆင့်နှင့်အောက် ပညာအရည်အချင်းရှိသူသည် ၁၂ ဒသမ ၇၉ သန်းခန့်ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၅ ဒသမ ၄ သန်းခန့် ရှိသည့်အတွက် အသက် ၂၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများထဲမှ အလယ်တန်းအဆင့်နှင့် ၎င်းအဆင့်အောက် ပညာမသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်း နီးပါးခန့်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ထိုအချက်သည် နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

## မြို့နယ် ၄၆ မြို့နယ်

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ အခြေအနေအရ မဖွင့်လှစ်နိုင်သည့် မြို့နယ် ၄၆ မြို့နယ်မှအပ ကျန်မြို့နယ်များတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းအပ်နှံသူဦးရေမှာ ၅ ဒသမ ၂ သန်းကျော်ဖြစ်ကြောင်း၊ ပထမနှစ်ဝက် ပညာသင်ကာလဖြေဆိုမှုအနေဖြင့် ကျောင်းတက်သူ ၄ ဒသမ ၂ သန်းကျော်၊ ထိုအထဲမှ ဖြေဆိုသူဦးရေ ၄ ဒသမ ၁ သန်းကျော် (၉၈ ဒသမ ၈ ရာခိုင်နှုန်း) ရှိကြောင်း ပြောကြားသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာတွင် အပ်နှံမှုသည် ၄၄၀၉ ဦး၊ တက်ရောက်ခြင်းသည် ၂၂၈၁ ဦးရှိကြောင်း၊ ကျောင်းသားများ ပညာသင်ကြားရေးတွင် ပညာသင်ကြားရမည့်အရွယ်၌ ပညာရေးကိုစိတ်ဝင်စားရန်နှင့် ပညာသင်ကြားရန်သာဖြစ်ကြောင်း၊ မိမိတို့တာဝန်ရှိသူများအပိုင်းသည် ပညာတတ်ရန်၊ စာကိုတတ်အောင် သင်ကြားပေးရန်သာဖြစ်ကြောင်း၊ အတန်းအောင်ရန်ထက် စာတတ်ရန်၊ ထို့အပြင် ပညာတတ်ရန်အရေးကြီးကြောင်း၊ ထို့ကြောင့် သူ့အရွယ်နှင့်လျော်ညီသည့် အတန်းပညာတတ်ရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံသားတိုင်း ကျောင်းနေအရွယ်ကလေးငယ်တိုင်း KG+9 (အခြေခံပညာအလယ်တန်းအဆင့်) အဆင့်ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 သည် မိမိတို့အစိုးရ၏ ပညာရေးရည်မှန်းချက်သာဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် KG+9ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရန်အတွက် အခြေခံရသွားနိုင်ပြီဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများသို့ ဆက်တက်နိုင်မည်ဖြစ်ကြောင်း၊

စာမျက်နှာ ၁၇ သို့ ❐



သတင်းစာရှင်းလင်းပွဲတွင် ပြသထားသည့်မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

**❖ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ အခြေအနေအရ မဖွင့်လှစ်နိုင်သည့် မြို့နယ် ၄၆ မြို့နယ်မှအပ ကျန်မြို့နယ်များတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ကျောင်းအပ်နှံသူဦးရေမှာ ၅ ဒသမ ၂ သန်းကျော် ဖြစ်ကြောင်း၊ ပထမနှစ်ဝက်ပညာသင်ကာလဖြေဆိုမှုအနေဖြင့် ကျောင်းတက်သူ ၄ ဒသမ ၂ သန်းကျော်၊ ထိုအထဲမှ ဖြေဆိုသူဦးရေ ၄ ဒသမ ၁ သန်းကျော် (၉၈ ဒသမ ၈ ရာခိုင်နှုန်း) ရှိ**

**❖ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ရာတွင် အပ်နှံမှုသည် ၄၄၀၉ ဦး၊ တက်ရောက်ခြင်းသည် ၂၂၈၁ ဦးရှိကြောင်း၊ ကျောင်းသားများ ပညာသင်ကြားရေးတွင် ပညာသင်ကြားရမည့်အရွယ်၌ ပညာရေးကို စိတ်ဝင်စားရန်နှင့် ပညာသင်ကြားရန်သာဖြစ်**

❒ စာမျက်နှာ ၁၆ မှ

ထိုကိစ္စများပြီးမှသာ အထက်တန်းပညာ၊ အဆင့်မြင့်ပညာများဆီ သွားနိုင်မည်ဖြစ်ကြောင်း၊ ဤအချက်သည် တိုင်းပြည်ပညာရေးကိုမြှင့်တင်ရာဖြစ်ပြီး ထိုသို့ မြှင့်တင်နိုင်မှလည်း တိုင်းပြည်၏ အနာဂတ်ဟာ ကောင်းမည့်အနေအထား ရှိမည်ဖြစ်ကြောင်း၊ ပညာမတတ်ဘဲနှင့် ဒီမိုကရေစီနိုင်ငံတစ်ခု တည်ဆောက်နိုင်ရန် ခဲယဉ်းမည်ဆိုသည်ကို အထူးအလေးထားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့၏ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေလိုကြောင်း မိဘပြည်သူများကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

**ပညာရေး၊ ကျန်းမာရေးကဏ္ဍများ**

ဆက်လက်၍ မည်သည့်နိုင်ငံမျှ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍအား နှောင့်ယှက်မှုကိုလက်မခံကြကြောင်း၊ ဥပမာ- မိမိတို့ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပဋိပက္ခများ ရှိခဲ့ကြောင်း၊ EAO များနှင့် တိုက်ပွဲများရှိခဲ့ကြောင်း၊ ထူးခြားသည်မှာ ၁၉၄၈ ခုနှစ်နောက်ပိုင်း အစိုးရအဆက်ဆက်ပြေလည်သွားမှုရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မပြေလည်သည့်အတွက် EAO များနှင့် တိုက်ခိုက်မှုရှိကြောင်း၊ ထို EAO များ၏ နယ်မြေထဲသို့ ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများ သွားလာ၍ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ပေး၍ရကြောင်း၊ ပညာရေးဝန်ထမ်းများ စာသင်ပေး၍ရကြောင်း၊ စာသင်ကျောင်းများလည်း ထိုအတိုင်းသာရှိကြောင်း၊ ဤသည်မှာ ယခင်ကတည်းကရှိနေသည့် EAO နယ်မြေများ၊ သောင်းကျန်းသူဟု သတ်မှတ်ထားသည့်နယ်မြေများဖြစ်ပြီး ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို အနှောင့်အယှက်ပေးမှု မရှိကြောင်း၊ အကူအညီပေးမှုပင်ရှိကြောင်း၊ ယခုအချိန်တွင် NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ပစ်မှတ်ထားတိုက်ခိုက်မှုကို တွေ့ရကြောင်းပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကိုပြောမည်ဖြစ်ကြောင်း၊ ကယားပြည်နယ်တွင် ယခုဖြစ်ပျက်နေသည့် အခြေအနေများကို မီဒီယာများနှင့် တက်ရောက်လာသူများလည်း အားလုံးသိပြီးဖြစ်ကြောင်း၊ သတင်းမျိုးစုံလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများ၏ အစသည် ဒီဇင်ဘာ ၂၄ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ လေဆိပ်သို့ မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ဆင်းသက်ရောက်ရှိစဉ်၌ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ပြည်သူလူထုကို အကာအကွယ်ယူ၍ လွိုင်ကော်မြို့ ရပ်ကွက်များထဲမှ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ပြီး ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိရေး လုံခြုံရေးအဖွဲ့များက ၎င်းတို့ထွက်ပြေးနိုင်သည့်လမ်းများကို ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေချိန် ဖရူဆိုမြို့ မိုဆိုကျေးရွာအနီးမှာ ဒီးမော့ဆို-ကွိုင်ငံရွာဟောင်း - ဒေါ့ကယားခူ - မိုဆို မြေသားလမ်းအတိုင်း

ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအတွင်း ဝင်ရောက်စခန်းချ၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိပစ္စည်းများကို တွေ့ရစဉ်။



မောင်းနှင်လာသော မသင်္ကာဖွယ် မော်တော်ယာဉ်ခုနစ်စီးကို စစ်ဆေးရန် ရပ်တန့်စေခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ မော်တော်ယာဉ်များပေါ်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ မိုဆိုကျေးရွာအနီး တောင်ကုန်းများပေါ်မှ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာသည့်အတွက် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြား ရောက်ရှိခဲ့သော မော်တော်ယာဉ် ခုနစ်စီးက လက်နက်ကြီး၊ လက်နက်ငယ်ကျည်နှင့် ဗုံးသီးများ ထိမှန်ခဲ့ပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရခြင်းအကြောင်းမှာ ကားများပေါ်တွင် ရွာများထဲမှစုလာသည့် စားသုံးဆီ၊ စက်သုံးဆီများ တင်လာမှုတို့ရှိကြောင်း၊ ထို့ကြောင့် မီးလောင်ရခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြားမှ အတတ်နိုင်ဆုံး ယာဉ်ပေါ်လိုက်ပါသူများကို ကယ်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မီးလောင်မှုအရှိန်နှင့် တစ်ဖက်၏ပစ်ခတ်မှုများကြောင့် ကယ်တင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေး နီးစပ်ရာမြို့အတွင်းရှိ မီးသတ်တပ်ဖွဲ့များမှ မီးသတ်ယာဉ်များကို အကူအညီတောင်းခံသော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မီးသတ်ယာဉ်များ ပျက်စီးခြင်းနှင့် CDM လှုပ်ရှားမှုများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အင်အားလျော့နည်းခြင်းတို့ကြောင့် လာရောက်မီးငြိမ်းသတ်နိုင်ခဲ့မှု မရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်နှင့် ကယားပြည်နယ်တွင်ရှိသည့် BGF များအကြား သွေးကွဲစေရန် လုပ်ဆောင်မှုလည်းရှိခဲ့ကြောင်း၊ မိုဆိုကျေးရွာအနီးတွင် BGF စခန်းတစ်ခုရှိကြောင်း၊ တိုက်ပွဲဖြစ်ပွားချိန်၊ ကားများကိုစစ်ဆေးနေသည့်အချိန်တွင် မိုဆိုကျေးရွာထဲမှ PDF အမည်ခံ တချို့ အရပ်ဝတ်နှင့်လူများက မိုဆိုဘက်မှ BGF စခန်းသို့တက်လာပြီး အကူအညီတောင်းခံကြောင်း၊ BGF လေးယောက်က ကျန်သည့်အဖွဲ့ဝင်များ၏ရှေ့တွင် အရပ်ဝတ်ဖြင့်ဆင်းသွားကြောင်း၊ ဆင်းလိုက်သွားပြီးမကြာမီ ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း၊ ပြန်၍လိုက်သွားခဲ့ရာ BGF အဖွဲ့များကို လက်ပြန်ကြိုးတုပ်၍ သတ်ထားသည့်အနေအထားကို တွေ့ရကြောင်း၊ ဆင်းသွားသည့်အချိန် အရပ်ဝတ်ဖြင့်ဖြစ်ပြီး အလောင်းတွေ့သည့်အချိန်တွင် BGF ဝတ်စုံများဖြင့် တွေ့ရှိကြောင်း၊ ဤသည်ကို တပ်မတော်က BGF အဖွဲ့ဝင်များကို ပစ်သတ်သည်ဟု BGF နှင့် တပ်မတော်ကြား သွေးထိုးလှုံ့ဆော်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းမှူး၊ ညွှန်ကြားရေးမှူးတို့က လိုက်သွား၍ BGF အဖွဲ့များနှင့် တွေ့ဆုံပြီး အဖြစ်မှန်ကို စုံစမ်းခဲ့ပြီးနောက် ဖြေရှင်းပေးခဲ့ရကြောင်း၊ ၎င်းတို့သည် အချိန်ကိုက် လေယာဉ်ကိုပစ်ပြီး မော်တော်ယာဉ်များဖြင့် ပြေးသွားမှုများ ရှိကြောင်း၊ ထို့နောက် BGF အဖွဲ့နှင့် တပ်မတော်ကြား အထင်အမြင်လွဲစေရန် လုပ်ဆောင်မှုများဖြစ်ကြောင်း ပြောကြားသည်။

**နည်းပညာတက္ကသိုလ်(GTU)နှင့် ဗုဒ္ဓဥယျာဉ်တစ်ဝိုက်**

ဇန်နဝါရီ ၁၁ ရက်တွင်လည်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ကယားပြည်နယ် လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်ရှိ အစိုးရနည်းပညာတက္ကသိုလ်(GTU)နှင့် ဗုဒ္ဓဥယျာဉ်တစ်ဝိုက်၌ လူနေအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများနှင့်ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူပြီး ရပ်ကွက်အတွင်းရှိ ဒေသခံများကို အန္တရာယ်အတွင်းမှ ဘေးကင်းရာသို့ သွားလာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ်အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဘာသာရေးနှင့် သက်ဆိုင်သော အဆောက်အအုံများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေရပ်ကွက် အဆောက်အအုံများကို အကာအကွယ်ယူ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထိုအဆောက်အအုံများကို အကာအကွယ်ယူ၍ လွိုင်ကော် အကျဉ်းထောင်ကို ပစ်ခတ်ခဲ့ပြီး ၄၀ မမ ဗုံးသီးများထိမှန်ခဲ့သည့် ဖြစ်စဉ်များရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ မန္တလေးမှ ကွမ်းရွက်ရောင်းပြန်လာသည့်ကားကို PDF အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲတိုက်ခိုက်၍ ယာဉ်ပေါ်ပါ အပစ်မဲ့အရပ်သားများကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ကာ ကွမ်းရောင်းရငွေ ကျပ်သိန်း ၁၀၀ ခန့်ကို ယူဆောင်သွားသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်တွင် အသက်မသေဘဲ ကျန်ခဲ့သည့်သူတစ်ယောက်၏ ပြောဆိုချက်အရ ထိုကဲ့သို့ လုယက်ယူသွားသည့် PDF များသည် မည်သူတွေဖြစ်သည်ကို သိရှိကြောင်း ပြောကြားသည်။

**ထိုင်းနိုင်ငံမှ အောက်ဆီဂျင်အရည်တန် ၂၀**

ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် ပုတီးကျေးရွာတွင်ရှိသော အထက(ပုတီး) ကျောင်းမှ မူလတန်းပြဆရာမဖြစ်သည့် ဒေါ်လှလှညွှန့်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်မိုးတို့နှစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားပြီး နှိပ်စက်သတ်ဖြတ်ခြင်း၊ ဇန်နဝါရီ ၁၀ ရက်တွင်လည်း ကသာမြို့နယ် လက်ပန်ဇင်ကျေးရွာတွင်ရှိသော အခြေခံပညာ မူလတန်းလွန်ကျောင်းရှိ ဆရာဆရာမများ၊ ကျောက်ထုံးကြီးကျေးရွာ အထကကျောင်းရှိ ဆရာ ဆရာမများနှင့် ဒေါင့်ကြီးကျေးရွာတွင်ရှိသော အထက(ခွဲ) ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးတို့ကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်ကိုင်ဖုန်းများကို လုယက်ယူဆောင်ကာ ကျောင်းဖွင့်လှစ်ခြင်းမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုပြီး ဆရာ ဆရာမများကို ခြေထောက်ဖြင့်ကန်ကျောက်ကာ ဓားရိုးဖြင့်ရိုက်နှက်ခြင်း၊ ဇန်နဝါရီ ၉ ရက်တွင်လည်း မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အပေါကျေးရွာမှ ကျောင်းအုပ်ဆရာကြီး ဦးသက်နောင်ထွန်းကို အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ပြီး ငွေကျပ် သိန်း ၁၀၀ ဖြင့် ပြန်လည်ရွေးယူခိုင်းခြင်း၊ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကရင်ပြည်နယ် မြဝတီမြို့နယ် အပြင်ကွင်းကလေးကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာနေရာတွင် ကိုဗစ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အရေးပေါ်လိုအပ်သည့် အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် ထိုင်းနိုင်ငံမှ အောက်ဆီဂျင်အရည် တန် ၂၀ တင်ဆောင်လာခဲ့သော မော်တော်ယာဉ်ကို KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း၊ ထိုသို့ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်သည်ကို ထင်ရှားစွာတွေ့နိုင်ကြောင်း၊ NUG၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်းပြောကြားသည်။

**ကျေးရွာလုံခြုံရေး၊ ပတ်ဝန်းကျင်လုံခြုံရေး**

ဆက်လက်၍ ဇန်နဝါရီ ၁၃ ရက်တွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အကာအကွယ်ရယူကာ စခန်းချအခြေပြုနေပြီး စာသင်ကျောင်းပတ်လည်တွင် မိုင်းများထောင်ပြီး သဲအိတ်ဘန်ကာများပြုလုပ်နေကြောင်း၊ ပြသထားသည့်ပုံများကိုကြည့်လျှင် သိနိုင်ကြောင်း၊ မိုင်းများထောင်ထားသည်ကို တွေ့နိုင်ကြောင်း၊ ထို့နောက် အကြမ်းဖက်မှုများပြုလုပ်ရန်အတွက် လက်လုပ်မိုင်းများ၊ လက်လုပ်ဗုံးသီးများ၊ လက်လုပ်သေနတ်များကို ပြင်ဆင်ဆောင်ရွက်နေကြောင်း၊ ထိုကျောင်းထဲတွင်နေထိုင်သည့်နေရာများ၊ လက်လုပ်ဗုံးပြုလုပ်ရန်အတွက် ဖြတ်တောက်သည့် ကိရိယာများကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စများကို လက်မခံသည့်ကျေးရွာသူ ကျေးရွာသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် သတင်းပေးသည့်အတွက် ထိုနေ့နံနက်ပိုင်းတွင်ပင် သွားရောက်ချေမှုန်းဖမ်းဆီးခဲ့ရကြောင်း၊ PDF အကြမ်းဖက်သမားများမှာ ထွက်ပြေးသွားခဲ့ပြီး ၎င်းတို့၏ ပြင်ဆင်ဆောင်ရွက်ခဲ့သော အကြမ်းဖက်မှုလုပ်ရပ်များကို တားဆီးနိုင်ခဲ့ကြောင်း၊ ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာလုံခြုံရေး၊ ပတ်ဝန်းကျင်လုံခြုံရေးအတွက် ထွက်သွားခဲ့ကြောင်း၊ ထိုအချိန်တွင် ၎င်းတို့အနေဖြင့် သက်သေခံပစ္စည်းများ မကျန်ရှိစေရန် ည ၁၀ နာရီတွင် ထိုစာသင်ကျောင်းကို ဖောက်ဝင်လာပြီး မီးရှို့ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တွင်ဖမ်းမိသည့် အကြမ်းဖက်သမား ဖြိုးဇေယျာသော်၏ပြောကြားချက် အများကြီးထဲမှ တချို့ကို ပြသလိုကြောင်း၊ ပြသရာတွင် ၎င်းတို့ မည်သို့အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည်၊ မည်သို့လုပ်ဆောင်ခဲ့သည်၊ NUG ၏ လုပ်ဆောင်ချက်များက မည်သို့ရှိသည်တို့ကို နိုင်ငံတကာက ပြောနေသည့် NUG နှင့်ပတ်သက်၍ ကာကွယ်ပြောနေသည့်သူများ ယခု Vedio File ကို ကြည့်လျှင် သိနိုင်ကြောင်း၊ NUG က မည်သို့ခိုင်းခဲ့သည်၊ မည်သို့ဖောက်ခွဲမှုများလုပ်ခဲ့သည်ကိုပြသလိုကြောင်း၊ ထို့နောက် မောင်ကျော် (ခ) ဖြိုးဇေယျာသော်၏ ထွက်ဆိုချက် Vedio File ကို ပြသသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုပြသသည့် Vedio File နှင့် ပတ်သက်၍ ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်နှင့် ရုပ်သွင်အမူအရာကို ကြည့်လျှင် သိနိုင်ကြောင်း၊ မိမိတို့ ခြိမ်းခြောက်ပြီး ထွက်ခိုင်းခြင်း ဟုတ်၊ မဟုတ်နှင့် ၎င်းသဘောအတိုင်း ထွက်ဆိုခြင်း ဟုတ်၊ မဟုတ်ကို ၎င်း၏အမူအရာကိုကြည့်လျှင် သိနိုင်ကြောင်း၊ **စာမျက်နှာ ၁၈ သို့ ❍**

❍ စာမျက်နှာ ၁၇ မှ

ထွက်ဆိုချက်များထဲက နောက်ဆုံးအချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူလူထု ထိတ်လန့်တုန်လှုပ်နေအောင် မိုင်းထောင်ဖောက်ခွဲမှု ၁၇၈ ကြိမ် လုပ်ခဲ့ကြောင်းကို ၎င်းကိုယ်တိုင်ဝန်ခံသွားကြောင်း၊ ယခုလက်ရှိကာလအထိ နိုင်ငံ့ဝန်ထမ်း ၂၉၂ ဦးနှင့် အပြစ်မဲ့ပြည်သူ ၁၅၃၈ ဦး စုစုပေါင်း ၁၈၃၀ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရကြောင်း၊ ထိုဖြစ်စဉ်များသည် NUG၊ CRPH ၏ ပြည်သူလူထုအပေါ်ထားသည့် စေတနာလားဟု မေးလိုကြောင်း ပြောကြားသည်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ မြို့ကြီးအချို့တွင် အကြမ်းဖက်မှု(ဗုံးပေါက်ကွဲမှုအပါ) ၄၀၄၄ ကြိမ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရမှုအနေဖြင့် အကြမ်းဖက်သူ ၁၄၈၀၊ လက်နက်မျိုးစုံ ၁၁၆ လက်၊ ခဲယမ်းမျိုးစုံ ၁၁၇၅ တောင့်၊ လက်ပစ်ဗုံး ၂၁ လုံး၊ လက်လုပ်မိုင်း ၇၄၁ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုမရှိစေရေးအတွက် ရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုမကျူးလွန်ရသေးဘဲ ပြစ်မှုကျူးလွန်ရန် ကြံစည်လုပ်ဆောင်နေသည့်အကြမ်းဖက်သူ ၁၀၀၆၉ ဦး၊ လက်နက်မျိုးစုံ ၃၃၃၅ လက်၊ ခဲယမ်းမျိုးစုံ ၁၅၉၄၉၉ တောင့်၊ လက်ပစ်ဗုံး ၇၁၅ လုံး၊ လက်လုပ်မိုင်း ၇၁၆၁ လုံးနှင့် အခြားဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို အချိန်မီဖော်ထုတ် တားဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ စုစုပေါင်းအကြမ်းဖက်သူ ၁၁၅၄၉ ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လက်နက်မျိုးစုံ ၃၄၅၁ လက်၊ ခဲယမ်းမျိုးစုံ ၁၆၀၆၇၉ တောင့်၊ လက်ပစ်ဗုံး ၇၃၆ လုံး၊ လက်လုပ်မိုင်း၇၉၀၂လုံးတို့အားသိမ်းဆည်းဖော်ထုတ်ရရှိခဲ့ကြောင်း ပြောကြားသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

တပ်မတော်အနေဖြင့် EAO အဖွဲ့ထဲက KNU တပ်မဟာ(၅၊ ၆) ဆက်စပ်နယ်မြေ၊ ရှမ်းပြည်နယ် (အရှေ့မြောက်)ဘက်တွင် MNDAA၊ ကယားပြည်နယ်တွင် KNPP ၏ အကြမ်းဖက်အဖွဲ့ဖြစ်သော NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၏ နယ်မြေအချို့တွင် PDF အမည်ခံ အကြမ်းဖက်အချို့နှင့် ထိတွေ့မှုများရှိကြောင်း၊ KNU/KNLA တပ်မဟာ(၅) နယ်မြေဖြစ်သည့် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်တွင် လူဦးရေ ၂၈၅၇၃ ဦး (သုံးသောင်းနီးပါးဝန်းကျင်) ရှိပြီး အဆိုပါလူဦးရေမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ ၇၄၇၉ ဦး(ခုနစ်ထောင်ကျော်)၊ ဆေးထိုးနိုင်ရန်ကျန် ၂၁၀၉၄ ဦး (နှစ်သောင်းကျော်) ကျန်ရှိနေသေးကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံသားတိုင်း ၎င်းတို့ခံစားခွင့်ရမည့် ကျန်းမာရေး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖာပွန်ဒေသသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိရန်အတွက် တပ်မတော်ပိုင်ယာဉ်များကို အသုံးပြုကြောင်း၊ ထို့အပြင် ဒေသခံဝန်ထမ်းများအတွက် လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပို့ပေးကြောင်း၊ ထိုကဲ့သို့ပို့ဆောင်ပေးသည့် လမ်းတစ်လျှောက်တွင် KNU တပ်မဟာ(၅) အနေဖြင့် ဖာပွန်မြို့အဝင်တွင် မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များရှိကြောင်း၊ ပြည်သူလူထုအသုံးပြုနေသည့်လမ်းကြောင်းဖြစ်ကြောင်း၊ မိမိတို့ ရှာဖွေဖော်ထုတ်ရသည့် မိုင်းများထဲတွင် တချို့မိုင်းများ၏ဓာတ်ပုံများကို ပြသသွားမည်ဖြစ်ကြောင်း၊ လမ်းတစ်လျှောက်တွင် ဖော်ထုတ်ရသည့်မိုင်းများကို ကြည့်လျှင် လက်လုပ်မိုင်းများသည် လူတစ်ရပ်စာနီးပါးရှိကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်များကို လိုက်နာစောင့်ထိန်းလျက်ရှိပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက်ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထားကြောင်း၊ KNU၊ KNLA တပ်မဟာ(၅) အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကို နာခံမှုမရှိဘဲ NCA စာချုပ်အား ချိုးဖောက်လျက် ငြိမ်းချမ်းရေးလမ်းစဉ်ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ဖာပွန်ဒေသတွင်ရှိသည့် ပြည်သူလူထု၏ ကိုဗစ်-၁၉ ကာကွယ်ဆေးပို့ပေးခြင်းများနှင့် ဖာပွန်ဒေသရှိ ပြည်သူလူထု၏ စားဝတ်နေရေးအတွက် ရိက္ခာပို့ပေးခြင်းများကို တိုက်ခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါဒေသများတွင် ထိုကဲ့သို့နှောင့်ယှက်ဖျက်ဆီးနေမှုများကို လုံခြုံရေးအရ ပြုလုပ်သင့်၊ ပြုလုပ်ထိုက်သည်များကို လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည့် နည်းလမ်းများဖြင့် တန်ပြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် ယခုသတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပဆောင်ရွက်ခဲ့မှု အခြေအနေနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်း အပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီရှိ**

တည်ဆဲနိုင်ငံရေးပါတီများ၏ စာရင်းများ စစ်ဆေးဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားရှိသည့် နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီရှိပြီး ယင်းပါတီအားလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် တာဝန်ရှိကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအခန်း(၄)တွင် ပါတီရန်ပုံငွေနှင့် ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ အခန်း(၄)တွင် ပါတီရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြန်လည်တည်ထောင်မှတ်ပုံတင်ခဲ့ကြသည့် တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို ယခင်က စစ်ဆေးနိုင်ခဲ့ခြင်းမရှိသည့်အတွက် ဥပဒေနှင့်အညီ စစ်ဆေးရန် လိုအပ်လျက်ရှိကြောင်း ပြောကြားသည်။

**စာရင်းများစစ်ဆေးခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ပါ လုပ်ငန်းစဉ် (၁)အရ ပြန်လည်ဖွဲ့စည်းခဲ့သည့် လက်ရှိပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်လျက်ရှိရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်ကစပြီး ဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာလကုန်အထိ စစ်ဆေးပြီးပါတီ ၃၈ ပါတီဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်းတွင် တနင်္သာရီတိုင်းဒေသကြီးအခြေစိုက် တစ်ပါတီ၊ ရခိုင်ပြည်နယ်အခြေစိုက် ငါးပါတီ၊ ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် နှစ်ပါတီနှင့် ရှမ်းပြည်နယ်အခြေစိုက် ငါးပါတီ၊ စုစုပေါင်း ၁၃ ပါတီ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့်အတွက် ယနေ့အထိ စစ်ဆေးပြီး နိုင်ငံရေးပါတီ ၅၁ ပါတီဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ဆောင်ရွက်ခဲ့သူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့် ပတ်သက်သည့်အမှုပေါင်း ၁၀၇၇ မှု ဖြစ်ပွားခဲ့ပြီး ရွေးကောက်ပွဲဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် အမှု ၅၄၆ မှုရှိခဲ့ပါကြောင်း၊ ယင်းအမှုများနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ကရရှိသော စာရင်းဇယားများအရ တရားစွဲတင် ၃၄၂ မှု၊ ပိတ်သိမ်း ၁၉၄ မှုနှင့် ဥပဒေအကြံတောင်းဆဲ ၁၀ မှုတို့ ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက်ပါဝင်နေသူများ မဲပေးခြင်းကို စိစစ်လျက်ရှိရာတွင် တွေ့ရှိရသည့် နိုင်ငံသား စိစစ်ရေးကတ်တူ၊ အမည်တူ မဲပေးသူပေါင်း ၂၁၆၉ ဦးကို အရေးယူနိုင်ရေး တိုင်ကြား/ တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ကျူးလွန်ဆောင်ရွက်ခဲ့သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်၊ ဝန်ကြီးဟောင်း ဦးမင်းသူ၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ပါတီအောင်နိုင်ရေးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ စသည့်ကျူးလွန်သူ ၄၂၂ ဦးကိုလည်း အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်စိစစ်ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း ပြောကြားသည်။ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ လုပ်ငန်းများအပေါ် စနစ်တကျကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် အားနည်းပျက်ကွက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ပေါင်း ၂၄၈၃ ဦးကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ဆွေးနွေးပွဲ ကျင်းပဆောင်ရွက်မှု**

ယခုဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပဆောင်ရွက်မှု အခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးရှိအစုအဖွဲ့အလိုက် ဆွေးနွေးပွဲခန်းများတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဆွေးနွေးပွဲကို တက်ရောက်ရန်အတွက် ယခင် ဖေဖော်ဝါရီလ၊ မေလနှင့် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည့် နိုင်ငံရေးပါတီ ၇၁ ပါတီကို ဖိတ်ကြားရာတွင် နိုင်ငံရေးပါတီ ၆၂ ပါတီက ကိုယ်စားလှယ် ၁၁၅ ဦး တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် စာမျက်နှာ ၁၉ သို့ ■

**နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေးမှု**


မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ စစ်ဆေးခြင်း


ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ စစ်ဆေးခြင်း


တအာင်း(ပလောင်)အမျိုးသားပါတီ စစ်ဆေးခြင်း


ဒီမိုကရက်တစ်ပါတီ (မြန်မာ) စစ်ဆေးခြင်း


ကချင်အမျိုးသားပါတီ စစ်ဆေးခြင်း


ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ စစ်ဆေးခြင်း

# ပြာသိုလပြည့်နေ့က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ပြည်တွင်း ပြည်ပမှဘုရားဖူးဧည့်သည်များဖြင့် စည်ကား

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သိင်္ဂုတ္တရကုန်းတော်၌ တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း ပြည်ပမှဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်လျက်ရှိရာ ယနေ့ ပြာသိုလပြည့်နေ့တွင် ဘုရားဖူးမြော်ကြည်ညိုချိန်ကို နံနက် ၅ နာရီမှ ည ၇ နာရီအထိ သတ်မှတ်ဖွင့်လှစ်ပေးထားသောကြောင့် လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ပြည်တွင်း ပြည်ပမှ ဘုရားဖူးဧည့်သည်စုစုပေါင်း ၇၃၃၄၂ ဦးဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အစိုးရရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် အများပြည်သူရုံးပိတ်ရက်များ၌ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများပြားလာသောကြောင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၇ ရက်(စနေနေ့)မှစတင်၍ ဘုရားဖူးမြော်ကြည်ညိုချိန်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် အများပြည်သူရုံးပိတ်ရက်များအတွက် နံနက် ၅ နာရီမှ ည ၇ နာရီအထိ အချိန်သတ်မှတ်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ရုံးဖွင့်ရက်များအတွက် ဘုရားဖူးမြော်ချိန်ကို ပုံမှန်အချိန်အတိုင်း နံနက်၅နာရီမှညနေ၆နာရီအထိသတ်မှတ်ဖွင့်လှစ်ပေးထားကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းထံမှ သိရသည်။

ယနေ့ ပြာသိုလပြည့်နေ့တွင် ဝင်ရောက်ဖူးမြော်ကြသော ဘုရားဖူးဦးရေစာရင်းအရ သံဃာတော် အပါး ၄၉၀၊ သီလရှင် ၃၈၂ ပါး၊ အမျိုးသား(ပြည်တွင်း) ၃၃၃၃၅ ဦး၊ အမျိုးသမီး(ပြည်တွင်း) ၃၉၀၈၂ ဦး၊ အမျိုးသား(ပြည်ပ) ၂၈ ဦးနှင့် အမျိုးသမီး (ပြည်ပ) ၂၅ ဦးတို့ဖြင့် စုစုပေါင်း ၇၃၃၄၂ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်းနှင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ယနေ့ ဇန်နဝါရီ ၁၆ ရက် (ပြာသိုလပြည့်နေ့)အထိ သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော နိုင်ငံတစ်ဝန်းရှိရဟန်းရှင်လူ ဘုရားဖူးပြည်သူများအပါအဝင် နိုင်ငံခြားသား ဘုရားဖူးဧည့်သည် စုစုပေါင်း ၄၁၆၉၉၀ အထိ ရှိနေပြီဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

သတင်း- ပွင့်သစ္စာ
ဓာတ်ပုံ- စိုးမြင့်အောင်



ပြာသိုလပြည့်နေ့က လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၌ သတ်မှတ်အချိန်အလိုက် ဝင်ရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇန်နဝါရီ ၁၆

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ သာသနဝိပုလကာရီကျောင်းတိုက်၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ မဟာရတနာလေထီးတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ပညာဝတီကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ ပြည်ဘုန်းတော်ကြီးကျောင်းတိုက်နှင့် ဘန်းတောင်ဘုန်းတော်ကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဓမ္မပါလနန်းဦးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရတနာမာန်အောင်ရပ်ကွက်ရှိ ကြားတောရကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■ စာမျက်နှာ ၁၈ မှ

ပြောင်းလဲကျင့်သုံးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ယခင်သုံးကြိမ် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ယခု စတုတ္ထအကြိမ်မြောက် ပြုလုပ်မည့် ဆွေးနွေးပွဲတွင် ဆောင်ရွက်မည့်အစီအစဉ်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုလျက်ရှိသော အချိုးကျကိုယ်စားပြုစနစ်ကို အများပြည်သူများ လေ့လာသိရှိနိုင်ရန် ဆောင်ရွက်လျက်ရှိမှုနှင့် မိမိတိုင်းပြည်၊ လူမျိုးနှင့် ဆီလျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ဖော်ဆောင်နိုင်ရေး အလေးထားဆွေးနွေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးဆောင်ရွက်ရာတွင် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများကို အစုအဖွဲ့ ၆ ဖွဲ့ခွဲပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့နှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ရန် လွှတ်တော်တစ်ခုအတွက် အစုအဖွဲ့ နှစ်ဖွဲ့စီ တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း၊ နိုင်ငံရေးပါတီအစုအဖွဲ့ ၆ ဖွဲ့သည် သက်ဆိုင်ရာလွှတ်တော်များမှာ အချိုးကျကိုယ်စားပြုစနစ်(PR)အရ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲဒီဇိုင်းများနှင့်စပ်လျဉ်းပြီး ဒီဇင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများ ရေးသားပြုစုခဲ့ကြကြောင်း၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အစုအဖွဲ့အသီးသီးက ၎င်းတို့၏စာတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြကြောင်း ပြောကြားသည်။

**စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်**

နိုင်ငံရေးပါတီအစုအဖွဲ့ ၆ ဖွဲ့၏ တင်ပြချက်စာတမ်းများကို ခြုံငုံသုံးသပ်ချက်အရ တွေ့ရှိရသည်မှာ အစုအဖွဲ့အားလုံးက လွှတ်တော်သုံးရပ်တွင် အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးရာတွင် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် ( Closed List – PR )ကို ကျင့်သုံးသင့်သည်ဟု တင်ပြခဲ့ကြကြောင်း၊ ( Closed List – PR ) စနစ်သည် မဲဆန္ဒရှင်က ပါတီကိုသာ မဲပေးရသဖြင့် ယှဉ်ပြိုင်ကြသည့် ပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကို ပြည်သူလူထုက မျက်မြင်သိရှိနိုင်ရန် မဲရုံဝင်ပေါက်အနီးတွင် ပါတီအမည်၊ ကိုယ်စားလှယ်လောင်းများ၏အမည်နှင့် ဓာတ်ပုံများ ချိတ်ဆွဲထားသင့်ကြောင်း အကြံပြုတင်ပြခဲ့ကြကြောင်း၊ အမျိုးသားလွှတ်တော်တွင်ပါသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ၆ ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တွင်ပါသည့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်နေရာများကို ယခင်ကျင့်သုံးခဲ့သည့်အတိုင်း FPTP စနစ်ကို ကျင့်သုံးဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း၊ လွှတ်တော်အလိုက် မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်နေရာ လျာထားသတ်မှတ်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်များဖွဲ့စည်းတည်ရှိမှုနှင့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်မှုတို့အပေါ်မူတည်ပြီး PR စနစ်နှင့် လိုက်လျောညီထွေအောင် သတ်မှတ်ကြရန် ဆွေးနွေးတင်ပြခဲ့ကြကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပွဲအခမ်းအနား နိဂုံးချုပ် အမှာစကားပြောကြားခဲ့ရာတွင် အများအကျိုးရှေးရှုပြီး ပါဝင်ဆွေးနွေးခဲ့ကြသည့် နိုင်ငံရေးပါတီများအားလုံးကို ကျေးဇူးတင်ဂုဏ်ယူပါကြောင်းနှင့် FPTP စနစ်မှ PR စနစ်သို့ ပြောင်းလဲရာတွင် ယခုဆွေးနွေးချက်များအပေါ် မူတည်ပြီး လိုအပ်သည့်ဥပဒေများကို သုံးသပ်ပြင်ဆင်မည်ဖြစ်ကြောင်းနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**လုပ်ငန်းစဉ်များ**

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ လုပ်ငန်းစဉ်(၅)အရ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်း မှန်ကန်၊ ပြည့်စုံရေးသည် အခြေခံကျပြီး အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၏ ကြီးကြပ်ကူညီမှုနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုပြီးပါကလည်း မှန်ကန်ပြည့်စုံမှုရှိရေး မြို့နယ်အခြေစိုက် နိုင်ငံရေးပါတီများအပါအဝင် သက်ဆိုင်သူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေး သဘောတူညီပြီးဖြစ်သည့် လွှတ်တော်ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသင့်လျော်သည့် အချိုးကျကိုယ်စားပြုစနစ်(PR) ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊ ယခင်ကပြဋ္ဌာန်းခြင်း မပြုနိုင်သေးသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဥပဒေကြမ်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ လုပ်ငန်းစဉ်(၁)ပါ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ လုပ်ငန်းစဉ် (၅)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်၊ ပြင်ဆင်၊ ပြဋ္ဌာန်းခြင်း၊ ဝန်ထမ်းအင်အား တိုးချဲ့၊ ဖြည့်တင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

## ကဗျာ

### လင်းလုပေါ့

အထက်ခေါင် အာကာအလုံးမှာဖြင့်
အနက်ရောင် ကမ္ဗလာဖုံးပါပေါ့
ပြာပြာမှုန်း မှောင်လို့ဝေ။
လူခပင်းမှာဖြင့်
ဖြူဝင်း ရောင်ဟုန်ဖြာတဲ့
အရုဏ်လာ ထိုနံနက်ကို
မှန်းလျက်မသွေ။
အတင်းပင် ရှောင်မလွှဲသာဘူ
ဩော်- မလင်းခင် မှောင်စမြဲဟာမို့
အံခဲလို့ မျှော်ကာနေ
ပေါ်လာပေကွယ့် လင်းရောင်ပြေး။
လင်းလုပေါ့တစ်ခါ
လင်းတော့သာ မှောင်ချွေခွာတဲ့
ရောင်ဝေဖြာ ထောင်နေဝန်းကိုလ
အောင်မြေချာ အောင်မြေကွန်းဆီက
အောင်ဗေယျာ အောင်စေညွှန်းလို့ရယ်
သွန်းတော့မယ်လေး။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ဓမ္မ ပုံပြင်

# အသပြာငါးရာ အမှု

**မင်းယုဝေ**

(ယခင်အပတ်မှအဆက်)

ပုဏ္ဏားကြီးတို့ကလည်း...

"သင့်၌ တာဝန် ရှိ၊ မရှိကို မင်းကြီးထံ လျှောက်ထား၍ အဆုံးအဖြတ်ယူမည်" ဟုဆိုကာ မင်းကြီးထံသွား၍ လျှောက်ထားကြပါသည်။

ဘုရင်က ဥယျာဉ်သည်မကိုခေါ်၍... "သင်သည် ခုနစ်ယောက်လုံးအပ်သောဥစ္စာကို ခုနစ်ယောက်လုံး တောင်းလာမှပေးပါဟု မှာလျက်နှင့် တစ်ယောက်တည်းတောင်းလာသည်ကို ပေးပါသလော" ဟုမေးပါသည်။

ဥယျာဉ်သည်မက "ပေးမိပါသည်" ဟု လျှောက်ပါသည်။

ဘုရင်က "ဤသို့ဆိုလျှင်သင်ကပင် အသပြာငါးရာကို အလျော်ပေးရမည်" ဟု စီရင်ပါသည်။ ဥယျာဉ်သည်မမှာ ငွေကြေးမရှိရှာသဖြင့်.. "ကျွန်တော်မျိုးမ ဥစ္စာကို အလျော်မပေးနိုင်ပါ" ဟု ဆိုပါသည်။

ထိုအခါဘုရင်က "ဥစ္စာကိုမပေးနိုင်လျှင် ကိုယ်တိုင် ပုဏ္ဏားကြီးတို့ထံတွင် တစ်လှည့်စီကျွန်ခံလေ" ဟူ၍ စီရင်လိုက်ပါသည်။

ဘုရင့်စီရင်ချက်အတိုင်း ဥယျာဉ်သည်မသည် ပုဏ္ဏားအကြီးဆုံးအိမ်မှစ၍ တစ်လခွဲစီ ပုဏ္ဏားကြီး ခြောက်ယောက်ထံ ကျွန်ခံရပါသည်။ သို့ကျွန်ခံစဉ် ထိုပုဏ္ဏားတို့ကိုစွဲ၍ ကိုယ်ဝန်ရှိလာပါသည်။ ဆယ်လစေ့သောအခါ သမီးငယ်ကို ဖွားမြင်ပါသည်။ ထိုသမီးငယ်သည် ၁၆ နှစ်အရွယ်သို့ ရောက်လျှင် မိခင်အား...

"မိခင်၊ အဘယ်ကြောင့် ပုဏ္ဏားခြောက်ယောက်ထံတွင် တစ်လှည့်စီကျွန်ခံနေရပါသနည်း။ သူတစ်ပါးတို့မှာ ကျွန်ခံရသော်လည်း အရှင်တစ်ယောက်တည်းသာရှိသည်။ မိခင်မှာကား အရှင်ခြောက်ယောက်ပင် ရှိနေသည်။ မည်သည့်အမှုကြောင့် ဤသို့ဖြစ်ရပါသနည်း" ဟုမေးပါသည်။ မိခင်ကလည်း ဥစ္စာအပ်နှင်းရင်းကစ၍ ဖြစ်သမျှအကြောင်းကို ပြန်ပြောပြပါသည်။

ထိုစကားကိုကြားသော် အမျိုးသမီးငယ်က...

"သည်အတိုင်းဆိုလျှင် ကျွန်မခံသင့်၊ မင်းကြီးကို ကျွန်မလျှောက်တင်မည်" ဟုဆိုကာ မိခင်ကိုခေါ်၍ ဘုရင့်ထံသွားကြပါသည်။

ဘုရင့်ထံရောက်သော် အမျိုးသမီးငယ်က...

"အရှင်မင်းကြီး၊ အရှင့်ပြည်တော်ဝယ် သူတစ်ပါးတို့ကျွန်ဖြစ်ကြသည်မှာ အရှင်သခင်တစ်ယောက်သာရှိပါသည်။ ကျွန်တော်မျိုးမ၏မိခင်ဖြစ်ရသည်မှာမူ အရှင်သည် ခြောက်ယောက်ရှိနေပါသည်။ ယင်းကိစ္စကို ကျွန်တော်မျိုးမ မနှစ်သက်နိုင်ပါ။ အရှင့်ရှေ့တော်ဝယ် ပုဏ္ဏားတို့နှင့် တရားဆိုလိုပါသေးသည်။ ခေါ်တော်မူပါ" ဟု လျှောက်ပါသည်။

ဘုရင်လည်း အမျိုးသမီးငယ်၏ စကားကို ကြားလျှင်...

"သင်တို့ သားအမိသည် တရားလို ဖြစ်ပေသည်၊ ဆိုနိုင်တိုင်း ဆိုပါစေဦး" ဟုဆိုကာ ပုဏ္ဏားခြောက်ယောက်တို့ကို ခေါ်ပေးတော်မူပါသည်။

ပုဏ္ဏားခြောက်ယောက်တို့ ရောက်လာသော် အမျိုးသမီးငယ်က...

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမကို အသပြာငါးရာ ခေတ္တချေးတော်မူပါ" ဟုဆို၍ဘုရင့်ထံမှ အသပြာငါးရာချေးပါသည်။ ဘုရင်ကလည်း အသပြာငါးရာကို အမျိုးသမီးငယ်အား ချေးငှားပါသည်။ အမျိုးသမီးငယ်သည် အသပြာငါးရာထုပ်ကို ကိုင်လျက်...

"အရှင်ပုဏ္ဏားတို့ ကျွန်မ၏မိခင်သည် အသပြာငါးရာကို မပေးနိုင်သဖြင့် အရှင်တို့ထံတွင် ကျွန်ခံနေရပါသည်။ ယခု ထိုအသပြာကို ပေးအပ်လျှင် ကျွန်အဖြစ်မှ လွတ်ပါမည်လော" ဟု မေးပါသည်။

ပုဏ္ဏားတို့ကလည်း "လွတ်ပါမည်" ဟုဝန်ခံကြပါသည်။

ထိုအခါ အမျိုးသမီးငယ်က...

"ယခု ငွေရပါပြီ။ ကျွန်မပေးဆပ်ပါတော့မည်။ အပ်နှံရင်း ပုဏ္ဏားခုနစ်ယောက်ပြ၍ စုံအောင်ခေါ်ပါလော့" ဆိုပါသည်။ ပုဏ္ဏားခြောက်ယောက်တို့မှာ ပုဏ္ဏားငယ် မည်သည့်အရပ်သို့ ထွက်ပြေးသည်ကိုလည်းမသိ၊ တွေ့အောင်လည်း မရှာနိုင်။ မည်သို့မျှ မတတ်နိုင်အောင် ဖြစ်ရပါသည်။

ထိုအခါ မှူးမတ်တို့သည် အမျိုးသမီးငယ်၏ ဉာဏ်ပညာကို ချီးကျူးမဆုံးရှိကြပါသည်။

"သည်အမျိုးသမီးငယ်သည် တရားအရာ၌ လိမ္မာတတ်ကျွမ်းလှ၏။ ငါတို့မင်း စီရင်ခြင်းသည် အတန်ငယ်ချွတ်ယွင်းသည်။ သည်မိန်းမငယ်နှင့် တိုင်ပင်၍ ပြည်ထဲရေးကို စီရင်ရသော် အဆတစ်ရာ ပြည်ရေးသာလိမ့်မည်" ဟု အချင်းချင်းပြောဆိုကြပါသည်။ ပုဏ္ဏားခြောက်ယောက်တို့ပင် မနေသာ။ ချီးကျူးသမှုပြုရပါသည်။


အရှင့်ဘေးလောင်းတော်ကလည်း...

"ငါ စီရင်သောတရားကား ယွင်းမှားပေစွ။ ယနေ့မှစ၍ ဥယျာဉ်သည်မကို ကျွန်အဖြစ်မှ လွတ်စေ။ ငါ့တရားမှားသည့်အတွက်ကြောင့် အမျိုးသမီးငယ် ချေးငှားသော ဤအသပြာငါးရာကို လျော်ကြေးအဖြစ် အပြီးအပိုင်ယူစေ" ဟူ၍ ပြောင်းလဲစီရင်ခဲ့ပါသည်။ ထို့နောက် မင်းကြီးသည် အမျိုးသမီးငယ်၏ ဉာဏ်ပညာကို လေးစားမြတ်နိုးသဖြင့် အမျိုးသမီးငယ်ကို မိဖုရားမြှောက်ခဲ့ပါသည်။ ပြည်ထဲရေးကို တိုင်ပင်နှီးနှောခဲ့ပါသည်။

ဤသို့ လုလင်လျှောက်ထားသောအခါ ဘေဒက မင်းကြီးသည် များစွာနှစ်သက်တော်မူလှသဖြင့် လုလင်အား ရွှေစင်တစ်ထောင်ကို ဆုလာဘ်အဖြစ် ချီးမြှင့်လိုက်လေ၏။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘဝ

# အောင်မြင်သော လူငယ်လေးများ ပျိုးထောင်ခြင်း

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပစ်တိုင်းထောင်များကဲ့သို့ အလဲအကျမှ အထမြန်သောစိတ်ဓာတ် ထူးထူးခြားခြားကြွယ်ဝပြီး အောင်မြင်သောလူငယ်များ၏ မိဘများသည် အောက်ပါအချက်ခုနစ်ရပ်ကို အစဉ်အမြဲပြုလုပ်သည်ဟု စိတ်ပညာရှင်တစ်ဦးက ဆိုသည်။

မည်သို့ပင် သာတူညီမျှဟုဆိုကြသော်လည်း လူတို့သည် နေရာတကာတွင် တစ်ပြေးညီသာတူညီမျှမှုမရှိချေ။ မိမိဘာသာရပ် ပညာရပ် နယ်ပယ်ပရိဝုဏ်အတွင်းတွင် ပြိုင်ဘက်ကင်းအောင် ကျွမ်းကျင်တတ်မြောက်အောင်မြင်သော ပုဂ္ဂိုလ်အချို့ရှိသလို ထိုသူတို့ထက်ပင် ထူးထူးခြားခြားတော်သူများလည်း ရှိနေသည်ကိုတွေ့ရသည်။ တစ်နည်းဆိုရလျှင် ကမ္ဘာ့အအောင်မြင်ဆုံးလူ တစ်ရာခိုင်နှုန်းပေါ်တွင် ထပ်ဆင့်ထူးချွန်နေသောတစ်ရာခိုင်နှုန်းရှိသေးသည်။

ထိုထပ်ဆင့်ထူးချွန်သော တစ်ရာခိုင်နှုန်း၏ သာဓကစာရင်းတွင် အီလွန်မတ်စ်၊ ဂျဖ်ဘီဇို၊ မိုက်ကယ်ဂျော်ဒန်၊ ဆီရီနာဝီလီယံ၊ မိုးဇက်နှင့် ဗီသိုဗင်ကဲ့သို့ ဆန်းသစ်တီထွင်သူများပါဝင်သည်။ သူတို့ကဲ့သို့ လူသိထင်ရှားမဟုတ်သော်လည်း သူတို့နှင့်တန်းတူတော်သော၊ အသက်ကယ်ဆေး တီထွင်ခဲ့သူများ၊ ကမ္ဘာကြီးပိုကောင်းရေး ရှေးရှုကြိုးပမ်းခဲ့သော နိုဘယ်ဆုရှင်များလည်း ပါဝင်သည်။

လူငယ်များကို လူတော်များဖြစ်စေရန် ပျိုးထောင်ပုံကို ငါးနှစ် ကျော်ကြာမျှ ကျွန်တော်လေ့လာခဲ့ရာတွင် တွေ့ရှိခဲ့ရသောအချက်ကြီး တစ်ရပ်မှာ ထိုလူငယ်တို့သည် သူတို့၏စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လူမှုရေးပိုင်းဆိုင်ရာ စွမ်းရည်တို့ကို ငယ်စဉ်ကတည်းကပင် အစွမ်းကုန်အသုံးချတတ်စွမ်း ရှိလာခဲ့ကြသည်ဆိုသောအချက်ပင်ဖြစ်သည်။ ဖြစ်စဉ်အများစုတွင် မိဘတို့၏ ပံ့ပိုးမြှင့်တင်အား ကောင်းသည်ကိုတွေ့ရသည်။

ထိုမိဘများ၏ လုပ်ထုံးလုပ်နည်း နည်းနိဿျခုနစ်ရပ်ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**(၁) မိဘများက သူတို့၏ကလေးများကို အစွမ်းကုန် တွန်းအားပေးသည်။**

နော်ဝေ စစ်တုရင်ပါရမီရှင်လေး မက်ခ်နပ်စ်ကာလ်ဆန်သည် ငယ်စဉ်ကပင် ပဟေဠိအဖြေညှိသည့် ကိစ္စမျိုး၊ လီဂိုကစားမှုမျိုးတို့တွင် ထူးထူးခြားခြားစွမ်းရည်ရှိခဲ့သည်။ ထိုစွမ်းရည်တို့သည် စစ်တုရင်ကစားနည်းတွင် အလွန်အသုံးတည့်မည်ဟု သူ၏ဖခင်က တွက်ဆမိပြီး မက်ခ်နပ်စ်အား စစ်တုရင်ကစားရန် သိမ်းသွင်းခဲ့သည်။ စစ်တုရင်ကစားရာတွင် အထူးလက်ရည်တက်လာသောအခါ သူ၏ဖခင်သည် သူ့အား စစ်တုရင်ပြိုင်ပွဲများကို ဝင်ရောက်စေခဲ့သည်။ တစ်နည်းပြောရလျှင် မက်ခ်နပ်စ်၏မိဘများ သူတို့သားငယ်၏ ဉာဏ်ရည်လမ်းကြောင်းကို တွက်ဆမိပြီး လိုက်လျောညီထွေ လမ်းကြောင်းပေးနိုင်ခဲ့သည်။ ထို့ကြောင့် မိဘသည် သားသမီး၏ဗီဇအရည်အသွေး ကျွမ်းကျင်မှုများကိုတွေ့မြင်ပြီး ၎င်းအရည်အသွေးများကို လုပ်ဆောင်နိုင်ရန် တွန်းအားပေးရန် လိုအပ်သည်။

**(၂) ကြိုးပမ်းအားထုတ်မှုနှင့် ထူးခြားသောရလဒ်များကြား ဆက်စပ်မှုကို ပြသည်။**

ထူးခြားသောကလေးများ၏ မိဘများသည် သူတို့၏ဘဝကို ကလေးများအတွက် နှစ်ပေါင်းများစွာ မြှုပ်နှံထားခြင်းဖြင့် အတတ်ပညာ ကျွမ်းကျင်မှုတွင် ကလေးများ၏အရည်အသွေးများ ပိုမိုကောင်းမွန်လာစေရန် စံနမူနာထားဆောင်ရွက်ကြသည်။ ထိုသို့ပြုလုပ်ကြကြောင်း သားသမီးတို့ကိုလည်း ကောင်းစွာ သဘောပေါက်စေသည်။

၂၀၂၀ ပြည့်နှစ်တွင် ဘီလ်ဂိတ်သည် သူ့ဖခင်၏ လုပ်ငန်းကျင့်ထုံးနှင့်ပတ်သက်၍ ပို့စ်တစ်ခုတွင် အောက်ပါအတိုင်းရေးသားခဲ့သည်။ သူဟာ ဆီအက်တလ်မြို့မှာ အလုပ်အကြိုးစားဆုံး၊ လူတွေအလေးစားဆုံး ရှေ့နေတစ်ယောက်ဖြစ်ခဲ့တဲ့အပြင် ကျွန်တော်တို့ဒေသမှာ အဓိကလူထုခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့တယ်။ သမာသမတ်ကျသလို အသိပညာဆည်းပူးရေးကိစ္စကို အလွန်အလေးအနက်ထားခဲ့တယ်။

"ချီးကျူးဂုဏ်ပြုခံလိုပါလျှင် ချီးကျူးဂုဏ်ပြုခံထိုက်အောင် အလုပ်လုပ်ရမည်" ဟု ဂိတ်၏ဖခင်က သားသမီးများကို သွန်သင်ပေးခဲ့သည်။ ထို့ကြောင့် သင်၏သားသမီးများကိုလည်း ကြိုးစားမှ အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြသရန်လိုသည်။ မည်သည့်အရာမှ အလကားမရ၊ ဖြတ်လမ်းနည်းများဖြင့် ပန်းတိုင်ကို တက်လှမ်း၍မရနိုင်ကြောင်း သွန်သင်ပြသရန် လိုအပ်ပါသည်။

**(၃) ကြိုးစားအားထုတ်မှုနှင့် ထူးချွန်မှုကို လေ့ကျင့်ပျိုးထောင်ရယူဖန်တီးသည်။**

၂၀၁၇ ခုနှစ်တွင် ဗြိတိသျှသုတေသီတစ်စုသည် elite အားကစားသမားများနှင့် Ultra elite အားကစားသမားများဟု အတန်းအစားနှစ်မျိုးကို ခွဲခြားဆန်းစစ်ခဲ့သည်။ Ultra elite အားကစားသမားများသည် အပတ်တကုပ်ကြိုးပမ်းမှုကို အလေးထားသောပတ်ဝန်းကျင်တွင် ကြီးပြင်းကြသူများဖြစ်ကြောင်း တွေ့ခဲ့ရသည်။ အောင်မြင်စေလိုသော၊ အောင်မြင်မှုကို မလွဲမသွေလိုချင်သော မိသားစုပတ်ဝန်းကျင်တွင် ကြီးပြင်းသည်ကို တွေ့ရသည်။ ပြိုင်ဘက်ကင်း တင်းနစ်မယ်များဖြစ်သော ဗီးနပ်စ်နှင့် ဆီရီနာဝီလီယံတို့သည် ထိုသို့သောပတ်ဝန်းကျင်တွင် ကြီးပြင်း ခဲ့ရသည်။ သူတို့၏ဖခင်ရစ်ချတ်သည် သူတို့ တင်းနစ်လောကထိပ်တန်း ရောက်ရှိရေးအတွက် blue print-စာမျက်နှာ ၇၈ မျက်နှာရှိ လမ်းညွှန်စာတမ်းကို ရေးသားခဲ့သည်။ သူတို့အတွက် စတာထွက်ကာလကို အသက်ငါးနှစ်အရွယ်ကပင် သတ်မှတ်ခဲ့သည်။ ဤကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးမှုကြောင့် သူတို့ညီအစ်မ Ultra elite ဖြစ်ခဲ့ကြရသည်ဟု ဆိုရမည်ဖြစ်သည်။

**(၄) ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင် တွန်းအားပေးသည်။**

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားကောင်းစေခြင်းသည် ဘဝအနေအထားကို များစွာပြောင်းလဲစေနိုင်သည်။ လုပ်ရဲကိုင်ရဲစေသလို လဲကျလျှင်လည်း ပြန်ထ၍ ဆက်လက်တိုက်ပွဲဝင်ရဲစေသည်။ ဝေဖန်ရှုတ်ချမှုပြုသည်ထက် အားပေးနှစ်သိမ့်လိုက်ခြင်းက သားသမီးများအား နောင်တွင် အစွမ်းကုန်ကြိုးစားဆောင်ရွက်သူဖြစ်အောင် ပျိုးထောင်ရာ ရောက်မည်ဖြစ်သည်။

**(၅) သားသမီးများက မေးခွန်းများမေးသည့်အခါ စိတ်ရှည်ကြသည်။**

သားသမီးများကို ဖြစ်ထွန်းစေလိုသူတို့သည် သားသမီးတို့အား စာဖတ်ရန်၊ မိမိပတ်ဝန်းကျင်ကို လေ့လာရန် တွန်းအားပေးတတ်သည်။ ထိုအကျိုးဆက်ကား ကလေးတို့မသိသည့်အရာများရှိပါက အမေးမြန်းခံရခြင်းဖြစ်သည်။ ဤသည်ကို "စကားများတယ်ကွာ" ဟု မပြောဆိုဘဲ စိတ်ရှည်စွာပြန်ဖြေတတ်ကြသည်။ နိုဘယ်ဆုရပုဂ္ဂိုလ် အတော်များများကို ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းရာတွင် သူတို့မိဘများက သိသလောက်ဖြေတတ်ပြီး သူတို့မသိလျှင် မည်သည့်နေရာတွင် ထိုအဖြေတွေ့နိုင်သည်ဟု လမ်းညွှန်ပြသနိုင်ခဲ့ကြသည်ဟုဆိုသည်။

ထိုမျှသာမကသေး ထိုမိဘမျိုးများသည် သူတို့သားသမီးများအတွက် ဆရာသမားကောင်းများ ရှာဖွေရာတွင်လည်း ကျွမ်းကျင်ကြသည်။


**(၆) ကျွမ်းကျင်မှုကို ငယ်စဉ်ကတည်းကပင် အထူးလေ့ကျင့်ပျိုးထောင် အားပေးသည်။**

မိဘ၏ နံပါတ်တစ်အလုပ်မှာ သားသမီး မည်သည့်အရာကို အထူးဝါသနာပါသည်ဟု တွက်ဆနိုင်ရေးပင်ဖြစ်သည်။ ထိုဝါသနာပါရာကို အထူးဦးစားပေးကျွမ်းကျင်အောင်ပျိုးထောင်ပေးခြင်းသည် တစ်နည်းအားဖြင့် အောင်မြင်မှုကို အကွက်ချ၍ ရောက်အောင်သွားခြင်းပင် ဖြစ်သည်။ ထိုသို့ထူးချွန်ရန် ကြိုးပမ်းခြင်းကြောင့် အခြားစွမ်းရည်တို့ကို စွန့်လွှတ်ခြင်းဟု မဆိုလိုပါ။ ဥပမာပြရပါလျှင် ဘောလုံးဝါသနာပါရာတွင် ရှေ့တန်းလူအဖြစ် ပိုကောင်းမည်လား။ နောက်တန်း သို့မဟုတ် ဂိုးသမားအဖြစ် ပိုကောင်းမည်လား။ နည်းပြတစ်ယောက်ကဲ့သို့ အလားအလာကို တွက်ဆနိုင်မှု၊ ရွေးချယ်လျာထားပေးနိုင်မှုကို ဆိုလိုသည်။

**(၇) ယှဉ်ပြိုင်မှုနှင့် တိုးတက်မှုကို တွန်းအားပေးသည်။**

ကျွန်တော်လေ့လာခဲ့သော ထူးချွန်သူများစွာသည် အဆက်မပြတ် ယှဉ်ပြိုင်မှုများနေသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ကြသည်။ အသက်ငယ်ငယ်ကတည်းက ကလေးကစားနည်းများမှာပင် ယှဉ်ပြိုင်စိတ်များခဲ့ကြသူများဖြစ်သည်ကို တွေ့ရသည်။ သို့သော် အနိုင်ရရေးထက် မှန်ကန်စွာယှဉ်ပြိုင်နိုင်ရေးနှင့် မှန်ကန်စွာအနိုင်ရရေး၊ မှန်ကန်စွာ အနိုင်ရရေးအတွက် လိုအပ်သောပြုပြင်မွမ်းမံမှုပြုလုပ်ရန် မိဘများက တွန်းအားပေး သည်ကို တွေ့ရသည်။

Ref: Raising Successful Kids by Kumar Mehta



## ပြုံးစရာ

### မေတ္တာမထားနိုင်တော့ဘူးလား

ဆရာဝန်။ ခင်ဗျားကိုငြင်းရမှာ ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်က တိရစ္ဆာန်ကုဆရာဝန်ပါ။

လူနာ။ လူသားအချင်းချင်းအပေါ်မှာတော့ မေတ္တာမထားနိုင်တော့ဘူးလား ဒေါက်တာရယ်။

### ဆန်အိုးထဲမှာ ဘာတွေရှိမလဲ

ပန်းချီဆရာ။ ပန်းချီဆရာဆိုတာ လောကကြီးတစ်ခုလုံးကို အတွင်းကျကျ သုံးသပ်ကြည့်မြင်တတ်တဲ့ အနုပညာရှင်ကွ။

မိန်းမ။ ဒါဆိုရင် ဆန်အိုးထဲမှာ ဘာတွေရှိမလဲ သွားကြည့်စမ်းပါဦးဆရာကြီးရယ်။

**မာတင်ဖဲ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၃ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၆၀ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၇၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၆၀) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၀၃,၉၉၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၅၃၃,၁၄၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၂၁၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၃၀၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၁-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၁,၃၆၁,၇၈၅) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၇,၅၅၈,၁၁၃) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၈၀၃,၆၇၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၁-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၈,၉၁၉,၈၉၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
## (၁၆-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၃) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၂) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၅၂) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၅၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၃၂၈) ခု | (၈၁) ဦး |
| စုစုပေါင်း | (၇,၇၀၃) ခု | (၁၂၃) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အခြေအနေ
## (၁၅-၁-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၈၀၃,၆၇၂) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၇,၅၅၈,၁၁၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၁,၃၆၁,၇၈၅) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၈,၉၁၉,၈၉၈) ကြိမ် |

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၆၆၄၂၈၃ | ၄၃၀၅၉၀၈၉ | ၈၇၃၁၄၉ |
| ၂။ | အိန္ဒိယ | ၃၇၁၂၂၁၆၄ | ၃၅၀၈၅၇၂၁ | ၄၈၆၀၉၄ |
| ၃။ | ဘရာဇီး | ၂၂၉၇၅၇၂၃ | ၂၁၇၁၀၈၃၁ | ၆၂၁၀၀၇ |
| ၄။ | ပြင်သစ် | ၁၅၁၄၇၁၂၀ | ၁၁၂၉၉၃၇၄ | ၁၅၁၈၉၉ |
| ၅။ | ပြင်သစ် | ၁၃၈၉၄၂၅၅ | ၈၉၈၉၁၉၉ | ၁၂၆၈၆၉ |
| ၆။ | ရုရှား | ၁၀၈၀၃၅၃၄ | ၉၈၅၈၆၁၅ | ၃၂၁၃၂၀ |
| ၇။ | တူရကီ | ၁၀၄၀၃၀၆၄ | ၉၅၉၆၆၀၉ | ၈၄၆၂၂ |
| ၈။ | အီတလီ | ၈၅၄၉၄၅၀ | ၅၉၃၇၇၄၇ | ၁၄၀၈၅၆ |
| ၉။ | စပိန် | ၈၀၉၃၀၃၆ | ၅၂၄၉၃၇၂ | ၉၀၇၅၉ |
| ၁၀။ | ဂျာမနီ | ၇၉၄၆၁၄၅ | ၆၉၆၃၇၀၀ | ၁၁၆၂၄၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၇၁၆၄၉ | ၄၁၁၈၈၇၄ | ၁၄၄၁၇၀ |
| ၂။ | ဖိလစ်ပိုင် | ၃၂၀၅၃၉၆ | ၂၈၆၄၆၃၃ | ၅၂၉၀၇ |
| ၃။ | မလေးရှား | ၂၈၀၅၃၃၇ | ၂၇၃၂၇၇၁ | ၃၁၇၈၁ |
| ၄။ | ထိုင်း | ၂၃၂၄၄၈၅ | ၂၂၂၂၀၁၁ | ၂၁၉၂၈ |
| ၅။ | ဗီယက်နမ် | ၂၀၂၃၅၄၆ | ၁၇၂၇၂၉၀ | ၃၅၆၀၉ |
| ၆။ | မြန်မာ | ၅၃၃၁၄၄ | ၅၁၁၂၁၁ | ၁၉၃၀၂ |
| ၇။ | စင်ကာပူ | ၂၉၀၉၈၆ | ၂၈၃၀၅၇ | ၈၄၃ |
| ၈။ | လာအို | ၁၂၄၇၃၁ | ၁၁၆၁၇၇ | ၄၉၅ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၀၇၉၆ | ၁၁၇၁၀၂ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၄-၁-၂၀၂၂ ရက်နေ့မှအဆက်**

"မေမေ့မှာ ရောဂါတစ်ခုခုတော့ ဖြစ်နေပြီထင်တယ်။ ဆရာဝန်ပြကြည့်ရင်ကောင်းမယ်"

မောင်မောင်ဦး၏ စကား။

"မင်း အရူးလား မောင်မောင်ဦး။ မြို့မှာ ဆရာဝန်ဘယ်ရှိတော့မှာလဲ"

"ဒါဖြင့် ဗိန္ဒောဆရာပဲဖြစ်ဖြစ်ပေါ့ကွာ"

"ဗိန္ဒောဆရာကို ဘယ်မှာလိုက်ရှာမလဲ။ တစ်မြို့လုံး ဖွတ်ဖွတ်ကြေပြီး လူတွေဟာ ခွေးလေးပျားတောအန္တဖြစ်နေတဲ့ ဥစ္စာ"

မောင်မောင်ဦးသည် အကြံအိုက်သွားသလိုရှိသည်။

သူ၏မျက်နှာတွင် စိတ်ပျက် လက်ပျက်ဖြစ်ရခြင်း အရိပ်အယောင် ပေါ်လွင်လာသည်။

"ဒါဖြင့် ငါဘာလုပ်ရမလဲဟင် ဖိုးကျော့။ ငါ့အမေ အသက်ထွက်သွားတာကို ငါဒီအတိုင်းထိုင်ကြည့်နေရမှာလား"

ကျော့မောင်ကိုယ်တိုင်သည်လည်း ဘာလုပ်ရမည် မသိတတ်သလိုရှိသည်။ စိတ်ပျက်စွာ ခေါင်းကို ကုတ်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စိတ်အိုက်နေကြသည်။

"တစ်ခုတော့ ရှိတယ်"

အတော်ချည်းကြာလျှင် ကျော့မောင်ထံမှ အသံထွက်ပေါ်လာသည်။

မောင်မောင်ဦး၏ မျက်နှာမှာ အားတက်သော အသွင် ပေါ်ပေါက်လာသည်။

"ငပုတွေ အထဲမှာတော့ ဆရာဝန်လား၊ ဆေးမှူးလား မသိဘူး။ တစ်ယောက်ပါလာတယ်။ သူ့မှာ ဆေးတွေ၊ ဆေးထိုးအပ်တွေလည်း ရှိတယ်"

"ဒါဖြင့် သူ့ကိုခေါ်ပြလိုက်ရင် ပြီးတာပဲပေါ့"

"ရပါလိမ့်မယ် အားကြီးကြီး။ မင့်အဘမို့ သူက လိုက်လာမှာလား"

"ဒါနဲ့ဘာလို့ အစကတည်းက ပြောရသေးသလဲကွ။ မဖြစ်နိုင်တဲ့ဥစ္စာကို မင်းမို့စိတ်ကူးရသေး"

မောင်မောင်ဦးမှာ စိတ်ပျက် လက်ပျက် ဖြစ်ရပြန်လေသည်။

"တစ်ခုတော့ ရှိတယ်"

"လာပြန်ပြီလား တစ်ခု"

"ဒီလိုကွ။ ငပုထဲမှာ အဲဒီဆရာဝန်လို အကောင်က သဘောအကောင်းဆုံးပဲ။ ဒါကြောင့် ရောလို့ရတာ။ အဲဒီငပုနဲ့တို့ အထဲက လူတစ်ယောက်နဲ့ ရင်းနှီးတယ်။ အဲဒီလူနဲ့ ငါနဲ့ ခင်တယ်။ သူကနေတစ်ဆင့် ကြည့်ပေးဖို့ပြောရင် ရလိမ့်မယ်ထင်တယ်"

မောင်မောင်ဦး၏ မျက်နှာမှာ ပြန်လည်အားတက်ဟန်ပေါ်လာပြန်သည်။

"ဒါဖြင့် ဘာလို့ အချိန်ကုန်ခံနေမှာလဲ။ ကြိုးစားကြည့်ကြစို့"

သူတို့သည် ဇရပ်ပေါ်မှ ဒုန်းစိုင်း၍ ဆင်းလာကြသည်။

"ဒါထက် မင်းနဲ့သိတဲ့လူက ဘယ်သူလဲ။ ရေနံချောင်းသားလား။ တို့နဲ့ အသိအကျွမ်းထဲကလား"

မောင်မောင်ဦးမေးသည်။

"တို့နဲ့ အသိအကျွမ်းထဲကတော့ မဟုတ်ဘူး။ အရင်ကတော့ ရေနံအလုပ်သမား တစ်ယောက်ပဲ။ ထောင့်သုံးရာပြည့် အရေးတော်ပုံမှာ ပါဖူးတယ်လို့ဆိုတယ်။ အင်္ဂလိပ်ကို ထချတဲ့အထဲမှာလည်းပါတယ်။ တို့များထက် အသက်ကြီးတယ်။ ဒီလိုကွ။ ဘီအိုင်အေတပ်ဟာ မကွေးမှာရှိနေတယ်။ ဗိုလ်ဘသိန်းဦးစီးတဲ့တပ်ပဲ။ သူဟာ အဲဒီတပ်ထဲက ဗိုလ်တစ်ယောက်ပဲ။ သူဒီကို ရောက်နေတယ်။ ဒီမှာတော့ သူ့ကို ရိုးရိုးလူတစ်ယောက်လိုပဲ တို့များဆက်ဆံကြတယ်။ ငပုတွေ ရှေ့မှာဆိုပါတော့။ ငပုတွေရဲ့ ကွယ်ရာမှာတော့ ဗိုလ်ညိုထွန်းလို့ ခေါ်ကြတယ်"

"ဗိုလ်ညိုထွန်း"

မောင်မောင်ဦးသည် ယင်းအမည်ကို ခပ်တိုးတိုး ရေရွတ်ကြည့်လိုက်လေသည်။

x x x x x

[၃]

ဗိုလ်ညိုထွန်းသည် စစ်အိပ်မက်ကို မြင်မက်လျက်ရှိသည်။

အင်္ဂလိပ်ကို ဂျပန်ကစ၍ တိုက်ပြီဆိုကတည်းက သူသည် စစ်ကို ကြိုဆိုနေခဲ့သည်။ ရေနံချောင်းကို ဖုံးကြဲ၍ အလုပ်များရပ်ဆိုင်းလိုက်ပြီဆိုသောအခါ သူသည် စစ်ရှိရာသို့ တိုးသွားခဲ့သည်။ ဟသ်ာတတွင် စစ်ကိုမီသည်။ ဗိုလ်ရန်နိုင် ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ဝင်သည်။ သည်တွင် သူသည် တိုက်ပွဲများနှင့် စတင်ကြုံတွေ့ရလေသည်။

အင်္ဂလိပ်၊ ကုလားစစ်သားနှစ်ရာခန့်နှင့် တိုက်ပွဲဖြစ်သည်။ ၎င်းတို့မှာ စစ်သင်္ဘော နှစ်စင်းအပြည့်ဖြင့် ဖြစ်သည်။ ဟသ်ာတ ကမ်းနဖူး ရေကာတာကို အကာအကွယ်ယူလျက် သင်္ဘောမှဆင်းရန် ကြိုးစားကြသော အင်္ဂလိပ်စစ်သားများကို တရကြမ်းပစ်ကြခတ်ကြသည်။ အင်္ဂလိပ်တို့ အသေအပျောက် အကျအဆုံးများစွာဖြင့် ကမ်းမှ ဆုတ်ခွာသွားကြရသည်။ သည်တွင် တစ်ကြိမ် အောင်ပွဲရခဲ့သည်။

တစ်ဖက်က စစ်တိုက်၊ တစ်ဖက်က လေ့ကျင့်ရင်း ဖြင့်ပင် သူသည် စစ်သားတစ်ယောက် ဖြစ်လာရသည်။ ရွှေတောင်တိုက်ပွဲကို ဝင်နွှဲသည်။ ဘီအိုင်အေတပ်သား ၁၅၀၀ နှင့် ဂျပန်တပ်သား ၅၀၀ တို့ပါဝင်သည်။ အင်္ဂလိပ်တပ်မှာ တပ်သား ၄၀၀၀ ခန့်ရှိပြီး သံချပ်ကား၊ တင့်ကား၊ အမြောက် စသည်ဖြင့် လက်နက်ပြည့်စုံသည်။ ရွှေတောင်တိုက်ပွဲတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ကြသော်လည်း အင်အားမမျှသဖြင့် လူ ၁၀၀ နီးပါးကျဆုံးကာ ၅၀ ခန့် သုံ့ပန်းအဖြစ် အဖမ်းခံရသည်။ တပ်မှာ ကစဉ့်ကလျား ဖြစ်ခဲ့ရသည်။ တပ်များကို တစ်ဖန် စုစည်းချီတက်ခဲ့ကြရာ မကွေးတွင် တပ်စွဲမိသည်။

သည်တွင် သူသည် ဖက်ဆစ်ဂျပန်၏ သဘောကို စောကြော နားလည်ခဲ့သည်။ ဂျပန်များကား ရိုင်းစိုင်းကြသည်။ အညှာအတာကင်းမဲ့သည်။ ခက်ထန်မာကျောကြသည်။ ပါးရိုက်၊ နားရိုက်၊ ကြက်ဆွဲ၊ ဝက်ဆွဲ၊ နွားဆွဲစသည် ဖြင့် ရောက်သည့်နေရာတိုင်းတွင် လူမဆန်စွာ ကျင့်ကြသည်။

အင်္ဂလိပ်ပြီးလျှင် ဂျပန်ကို ဆက်လက် တော်လှန်ရမည်ဟု သူနားလည်ထားသည်။ နယ်ချဲ့ဟူသမျှမည်သည့်နယ်ချဲ့မဆို မိမိတို့အပေါ် ရက်စက်ကြမ်းကြုတ်ကြမည်ကို မြင်သည်။ သို့ဖြင့် သူသည် ဂျပန်ဆန့်ကျင်ရေးအတွက် စစ်တိုက်ရဦးမည့်အဖြစ်ကို အတွေးအိပ်မက်မက်လျက် ရှိခဲ့လေသည်။

စည်းရုံးမှုကောင်းခြင်း၊ တည်ကြည် ပြတ်သားခြင်း၊ ရဲဝံ့ စွန့်စားခြင်းစသော ဂုဏ်ဒြပ်များကြောင့် သူသည် ဗိုလ်အဆင့်သို့ ရောက်လာသည်။

မကွေးတွင် တပ်ချရပ်နားနေခိုက် ရေနံချောင်း အုပ်ချုပ်ရေးအတွက်ကူညီရန် သူသည် နေရင်းဒေသသို့ ပြန်လည်ရောက်ရှိနေရသည်။ အဆင်သင့်လျှင် ဂျပန်ဆန့်ကျင်ရေးကိုပါ ဆောင်ရွက်ရန်ဖြစ်သည်။

သူ့ထံသို့ ခင်မင်သိကျွမ်းသော ကျော့မောင်ဆိုသူ ရောက်လာသည်။ ကျော့မောင်နှင့်အတူ စိုးရိမ်ပူပန်သည့် မျက်နှာထားရှိနေသော မောင်မောင်ဦး ဆိုသူလည်း ပါလာသည်ဟု သိရသည်။

"မောင်မောင်ဦး"

ဗိုလ်ညိုထွန်းသည် ယင်းအမည်ကို ရေရွတ်ကြည့်သည်။ စိတ်တွင် ယင်းအမည်ကို တစ်နေရာရာ၌ ကြားဖူးသလိုထင်မိသည်။ သို့ရာတွင် ရုတ်တရက် မမှတ်မိသလို ဖြစ်နေသည်။

နောက်တော့ အတွေးမှာ ယင်းအမည်နှင့် ပတ်သက်သူ၏မျက်နှာကို မြင်ယောင်လာသည်။

ခင်ခင်ကြီး။

မှန်သည်။ ခင်ခင်ကြီးနှင့် စပ်လျဉ်း၍ သည်အမည်ကို ကြားဖူးရခြင်းဖြစ်သည်။ မဝင်းရီမှ တစ်ဆင့် ကြားခဲ့ရခြင်းဖြစ်သည်။ ခင်ခင်ကြီး၏ ဇာတ်ကြောင်းကို ကြားရလေတိုင်းသည်အမည် ပါဝင်နေကျဖြစ်သည်။ သည်အမည်ကို ကြားရလေတိုင်းလည်း သူ့ရင်မှာ ထိုသူ၏ ရက်စက်မှုအတွက် ရင်ထုမနာဖြစ်ရမြဲဖြစ်သည်။ သို့ပေမဲ့ ယခု မောင်မောင်ဦးမှာ ခင်ခင်ကြီး၏ မောင်မောင်ဦးမှ ဟုတ်ပါ့မလား ထင်မိသေးသည်။ မောင်မောင်ဦးဟူသောအမည်မှာ ရှားပါးသောအမည်မျိုး။ သို့ဖြစ်၍ ခင်ခင်ကြီး၏ မောင်မောင်ဦးပင် ဖြစ်မည်ဟု ယူဆလိုက်သည်။

မောင်မောင်ဦး၏ အသွင်အပြင်ကို မြင်လိုက်ရသောအခါ သူ့စိတ်မှာ ပို၍ သေချာသွားသည်။ မောင်မောင်ဦး၏ ရုပ်ရည်သည် မိန်းကလေးတစ်ယောက်အတွက် တိမ်းမူးစေနိုင်စွမ်းရှိသော ရုပ်ရည်၊ ပြီး ယင်းရုပ်ရည်မျိုးမှာ မိန်းကလေးများနှင့် စပ်လျဉ်းလာလျှင် ရှုပ်ရှုပ်ထွေးထွေးနေတတ်လေ့ရှိသောရုပ်ရည်ဟု မောင်မောင်ဦးအား မြင်လိုက်ရသည့် တစ်ခဏချင်းမှာပင် သူအကဲခတ်နိုင်ခဲ့သည်။

သည်တော့လည်း စိတ်အတွေးသို့ ခင်ခင်ကြီး ရောက်လာပြန်လေသည်။

ခင်ခင်ကြီးနှင့် သူတို့ မဆုံမိသည်မှာ ကြာပြီ။ ကျောက်ပန်းတောင်းမှသည် ရေနံချောင်းသို့ ခင်ခင်ကြီး ပြန်သွားပြီးကတည်းက ဖြစ်သည်။ ခင်ခင်ကြီးတစ်ယောက် မိဘထံ ပြန်ရောက်သွားလေပြီဆိုတော့ တစ်ဖက်တစ်လမ်းက ဝမ်းသာရသည်။ စိတ်အေးရသည်။ သို့ရာတွင် ယင်းအချိန်ကစ၍ ခင်ခင်ကြီးမှာ သူနှင့်မအပ်စပ်တော့ပြီဖြစ်သော မိန်းမသားတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားရလေပြီ။ သူနှင့် ခင်ခင်ကြီးသည် တသီးတသန့်ဖြစ်ရလေပြီ။ ခင်ခင်ကြီးကား တစ်ဘဝ၊ သူကား တစ်ဘဝပါကလားဟု နားလည်လာရသည်။ အစသော် ထိုအတွက် သူ့စိတ်တွင် ဝေဒနာတစ်ရပ်ကို ခံစားရသည် အမှန်ပင်။ တမ်းဆွတ်ရမလိုလို၊ ကြေကွဲရမလိုလို၊ နှမြောတသခြင်း ဖြစ်ရမလိုလို ရှိရသည်။ နောက်တော့လည်း သူသည် စိတ်ကိုဖြေလျှော့ရသည်။ အာရုံကို လွှဲပြောင်းရသည်။ ခင်ခင်ကြီးနှင့် စပ်လျဉ်း၍ မစဉ်းစားမိအောင် ကြိုးစားရသည်။ သူ၏ဘဝမှာလည်း အပြောင်းအလွဲ များပြားလှသည်။ အလှုပ်အရှား အဖုံဖုံနှင့် ကြုံကြိုက်ရသည်။ စိတ်ကို ပြောင်းလွှဲ၍ ရလာသည်။ သို့စဉ်လျက် အချို့သော လသာရက်များတွင် တော်လှန်ရေးသမားကြီးမှ တမ်းတဆွတ်ကျင်ခြင်း ဝေဒနာကို ခံစားနေခဲ့ရလေသည်။

မောင်မောင်ဦးကို မြင်ရလေလျှင် သူ့စိတ်မှာ အားကျသလို ရှိရသည်။ ကံကောင်းသူတစ်ဦး အနေနှင့် စိတ်တွင် အထင်ရောက်မိသည်။ သို့တိုင်အောင် ခင်ခင်ကြီးအပေါ် ရက်စက်နိုင်စွမ်းရှိသူ တစ်ဦးအဖြစ်နှင့်မူ မကျေနပ်သလို ခံစားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**"ခင်ခင်ကြီးနှင့် သူတို့ မဆုံမိသည်မှာကြာပြီ။ ကျောက်ပန်းတောင်းမှသည် ရေနံချောင်းသို့ ခင်ခင်ကြီး ပြန်သွားပြီးကတည်းကဖြစ်သည်။ ခင်ခင်ကြီးတစ်ယောက် မိဘထံပြန်ရောက်သွားလေပြီဆိုတော့ တစ်ဖက်တစ်လမ်းက ဝမ်းသာရသည်။ စိတ်အေးရသည်။ သို့ရာတွင် ယင်းအချိန်ကစ၍ ခင်ခင်ကြီးမှာ သူနှင့်မအပ်စပ်တော့ပြီဖြစ်သော မိန်းမသားတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားရလေပြီ။ သူနှင့် ခင်ခင်ကြီးသည် တသီးတသန့်ဖြစ်ရလေပြီ။ ခင်ခင်ကြီးကားတစ်ဘဝ၊ သူကားတစ်ဘဝပါကလားဟု နားလည်လာရသည်။ အစသော် ထိုအတွက် သူ့စိတ်တွင် ဝေဒနာတစ်ရပ်ကို ခံစားရသည်အမှန်ပင်။ တမ်းဆွတ်ရမလိုလို၊ ကြေကွဲရမလိုလို၊ နှမြောတသခြင်း ဖြစ်ရမလိုလို . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## မြိတ်မြို့နယ်ရှိကျေးရွာများ၌ မိရိုးဖလာတောင်သူလုပ်ငန်းအပြင် ဓနိဖက်ရက်လုပ်ခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**မြိတ် ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မိရိုးဖလာတောင်သူလုပ်ငန်းအပြင် တစ်ပိုင်တစ်နိုင် ဓနိဖက်ရက်လုပ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေများ ရရှိနေကြောင်း မဇောကျေးရွာအုပ်စု သကန်တောင်ပုကျေးရွာ ဓနိဖက်ရက်လုပ်နေသူ ကိုထွန်းထွန်းထံမှ သိရသည်။

"တစ်ပိုင်တစ်နိုင် ဓနိဖက်လုပ်ကိုင်လာတာ အနှစ် ၂၀ ရှိပါပြီ။ ၁၅ ရက်မှာ (တစ်ဖျား) ၁၀ ရက်ပဲ လုပ်ငန်းလုပ်ရပြီး ငါးရက်ကတော့ အလုပ်မရှိလို့ နားနေရတယ်၊ တစ်လမှာ ရက် ၂၀ ပဲ လုပ်ရက်ရှိပါတယ်။ မိသားစုငါးဦးလုပ်ရင် တစ်လဝင်ငွေ ကျပ် ၃၀၀၀၀၀ ကျော်လောက်ရပါတယ်။ နားတဲ့ရက် ၁၀ ရက်မှာတော့ လယ်ယာမြေပြုပြင်ခြင်းနဲ့ တခြားအလုပ်လုပ်ပါတယ်" ဟု တောင်ဖီလာကျေးရွာမှ ဓနိဖက်ရက်လုပ်ကိုင်သူ ကိုလွင်အေးက ပြောကြားသည်။



ဓနိဖက်ရက်ရာတွင် အသုံးပြုသည့်ဓနိဖက်များကို ကိုယ်ပိုင်ဓနိတောများမှ ခုတ်ယူလုပ်ကိုင်ကြပြီး ကိုယ်ပိုင်ဓနိတောမရှိသူများက နံနက်စောစောတွင် လှေငယ်လေးများငှားရမ်းကာ ရိုးချောင်းတစ်လျှောက်နှင့် ပင်လယ်ကမ်းစပ်များတစ်လျှောက် သွားရောက်ခုတ်ယူလုပ်ကိုင်ကြသလို တချို့မှာ ဓနိတောပိုင်ရှင်များထံမှ နှစ်ချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်ကြကြောင်း ဓနိဖက်လုပ်ကိုင်သူများထံမှ သိရသည်။

**မိသားစုအပိုဝင်ငွေရရှိ**

မြိတ်မြို့နယ်အတွင်းရှိ တောင်ကြီး၊ စလွန်း၊ တောင်ဖီလာ၊ ကဟန်၊ မင်းသန်း၊ တောင်ရှည်၊ တညက်၊ ကင်းဆိုး၊ အင်္ဂမော်၊ မဇော၊ တုံဗျော၊ သဘွတ် စသည့်ကျေးရွာအများစုတွင် ပင်လယ်နှင့်ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရိုးချောင်းများပေါ်များသဖြင့် အဆိုပါနေရာအများစုနှင့် ကျွန်းများတွင် သဘာဝအလျောက်ပေါက်ရောက်နေသည့် ဓနိပင်များမှ ဓနိဖက်များကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခုတ်ယူကာ အိမ်မိုးဓနိဖက်ရက်လုပ်ခြင်းနှင့် ဓနိပင်မှထွက်ရှိသော အရည်များကို ကျိုချက်ကာ ပျားပအုံ ချက်လုပ်ခြင်း၊ အခြားနည်းအမျိုးမျိုးဖြင့် ထုတ်ယူအသုံးပြုလုပ်ကိုင်ခြင်းတို့ကြောင့် ကျေးရွာအများစုတွင် တစ်ပိုင်တစ်နိုင် အလုပ်အကိုင်အခွင့်အလမ်း ရရှိကာ မိသားစုအပိုဝင်ငွေများ ရရှိနေကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

## ကောလင်းမြို့နယ်၌ ဂေါ်ဖီထုပ်များ ယခင်နှစ်ထက်ဈေးကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အမြတ်ငွေပိုမိုရရှိ

**ကောလင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်းရှိ ယောမြေနီ၊ ခွင်တောင်း၊ အောက်ဇီးဖြူပင်၊ လက်ပံကွေ့ စသည့်ကျေးရွာများနှင့် ဝန်းသိုမြို့နယ်အတွင်းရှိ မကျည်းကုန်း၊ ကြို့ကုန်း၊ ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ စိန်လည်၊ ရှမ်းစု၊ အောင်းကုန်း၊ သပြေသာ၊ ကြိုင်းခွင် စသည့်ကျေးရွာများသည် ဒေါင်းမြူးချောင်းကို အခြေခံ၍ သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ ဂေါ်ဖီထုပ်များ ယခင်နှစ်များထက် ဈေးကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အမြတ်ငွေပိုမိုရရှိကြကြောင်း သိရသည်။

"စိုက်ပျိုးရေးလုပ်ကိုင်ခဲ့တာ အနှစ် ၃၀ ကျော်ရှိခဲ့ပါပြီ။ အရင်နှစ်တွေမှာ ဂေါ်ဖီထုပ်တစ်ထုပ်ကို ကျပ် ၆၀၀ ဈေး ရောင်းကောင်းပြီလို့ထင်ခဲ့တာ။ ဒီနှစ်လို ဂေါ်ဖီထုပ်တစ်ထုပ်ကို ကျပ် ၁၅၀၀ ဈေး တစ်ခါမှမရောင်းခဲ့ရဘူး။ ဒီနှစ်မှာတော့ အပင် ၂၀၀၀ စိုက်ပျိုးထားပါတယ်။ ကေနဲ့ဆိုရင်တော့ သုည ဒသမ ၂၅ ဧက လောက်ပဲရှိမယ်။ ကုန်ကျစရိတ်က ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ ဈေးမြင့်လို့ အရင်နှစ်တွေထက် ပိုမိုကုန်ကျပါတယ်။ အပင်၂၀၀၀ စိုက်တာ မျိုးဖိုး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ အလုပ်သမား ခ စုစုပေါင်း ကျပ် ၇၀၀၀၀၀ လောက်ကုန်ကျပါတယ်။ ဂေါ်ဖီထုပ်ဈေး အခုလက်ရှိ ကျပ် ၁၅၀၀ ဈေးနှုန်းက မကျဘူးဆိုရင် အမြတ်ငွေ ပိုမိုရရှိမှာဖြစ်ပါတယ်" ဟု လက်ပံကြီးတောကျေးရွာ စိုက်ပျိုးရေးလုပ်ကိုင်သူ ဦးမြင့်စိုးက ပြောကြားသည်။



အဆိုပါကျေးရွာများသည် ဂန္ဓမာပန်း၊ မေမြို့ပန်း၊ သစ္စာပန်း၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်၊ ရုံးပတီ၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ကိုက်လန် စသည့် သီးနှံများကို တောင်သူအများစုက စိုက်ပျိုးကြသော်လည်း တစ်ဦးလျှင် အများဆုံးအဖြစ် ဧကဝက်ခန့်ထိသာ စိုက်ပျိုးကြပြီး တစ်မျိုးတည်းစိုက်ပျိုးခြင်းထက် သီးနှံမျိုးစုံကို မျှတစွာစိုက်ပျိုးခြင်းက ပိုမိုများပြားကာ သီးနှံတစ်မျိုး ဈေးမကောင်းပါက အခြားဈေးကွက်ကောင်းသောသီးနှံဖြင့် အကျိုးအမြတ်ပြန်ရရှိရန် ရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

## ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း ဆောင်းရာသီသီးနှံများ စိုက်ပျိုးမှု ယမန်နှစ်ထက် မြင့်တက်လာ

**မြစ်ကြီးနား ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းရာသီ သီးနှံများစိုက်ပျိုးရာတွင် ယခင် ၂၀၂၀-၂၀၂၁ ခုနှစ်ထက် ပိုမိုစိုက်ပျိုးလာကြောင်း မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝင်းထံမှ သိရသည်။

ဆောင်းသီးနှံများစိုက်ပျိုးရာတွင် မြစ်ကြီးနားခရိုင်၌ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ အင်ဂျန်းယန်၊ ချီဖွေ၊ ဆော့လော် မြို့နယ်များပါဝင်ပြီး ဆောင်းသီးနှံစိုက်ပျိုးမှု အများဆုံးမှာ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့တွင် ယခင် ၂၀၂၀-၂၀၂၁ ခုနှစ် ဆောင်းရာသီတွင် ဆောင်းသီးနှံစိုက်ပျိုးဧက ၁၁၂၅၄၂ ဧကသာရှိခဲ့ရာမှ ယခု၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းရာသီတွင် ဧက ၁၁၇၈၂၀ အထိစိုက်ပျိုးထားရှိကြောင်း၊ ဆောင်းသီးနှံ ပဲပုပ်နှင့် အခြားသီးနှံများ ဆက်လက်စိုက်ပျိုးရန်ကျန်ရှိနေသေးကြောင်း သိရသည်။

မြစ်ကြီးနားခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာတွင် စီးပွားဖြစ်ဆီထွက်သီးနှံများဖြစ်သည့် ပန်းနှမ်း၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲမျိုးစုံနှင့် နေကြာ စသည်တို့ကို စိုက်ပျိုးမှုများပြားကြောင်း၊ ထို့ပြင် မီးဖိုချောင်သုံးသီးနှံဖြစ်သည့် အာလူးကိုလည်း စိုက်ပျိုးမှုများပြားကြောင်း မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

## မြင်းမူမြို့နယ်တွင် စိုက်ပျိုးထားသည့် ကုလားပဲ ၁၄၃၁၈ ဧက အောင်မြင်ဖြစ်ထွန်း

**မြင်းမူ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဆောင်းကုလားပဲ ဧက ၁၄၅၄၀ စိုက်ပျိုးရန်လျာထားရာ ဒီဇင်ဘာလကုန်ထိ ၁၄၃၁၈ ဧက စိုက်ပျိုးထားရှိပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း သိရသည်။

ယခုအခါ ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် (၈၂) မြန်မာမျိုး ဒေသအခေါ် (အနီ) မျိုးကို အများအပြားစိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကလျှင် မျိုးသုံးတင်း၊ အလုပ်သမားစရိတ်၊ ဆေးဝါးအသုံးပြုခ၊ နုတ်သိမ်းအပြီး ငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ တင်း ၄၀ ထွက်ရှိကြောင်း၊ ကုလားပဲတစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဈေးရသဖြင့် တစ်ဧကလျှင် အရင်းနုတ်ပြီး ငွေကျပ် ၁၈ သိန်းကျော်ရရှိကြောင်း ကုလားပဲစိုက်ပျိုးသူ ဒေါ်စန်းစန်းထံမှ သိရသည်။

မြင်းမူမြို့နယ်တွင် ပဲမျိုးစုံ ၃၇၀၂၅ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ဒီဇင်ဘာလကုန်အထိ ၃၅၂၇၃ ဧက စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ပဲစိုက်မြေများတွင်လည်း ဒေသခံတောင်သူများက ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမြင့်သိန်းထံမှ သိရသည်။ **အောင်စိုးဖေ (မြင်းမူ)**

## ရာသီပြောင်းသော်လည်း ဈေးမကျသည့်ဖူးစားပြောင်း စိုက်ပျိုးသူများလာ

**မင်းဘူး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် ကျောက်တန်းကျေးရွာမှ တောင်သူများသည် ရာသီပြောင်းသော်လည်း ဈေးမကျသော ဖူးစားပြောင်းများကို စိုက်ပျိုးသူများလာကြောင်း သိရသည်။

ဖူးစားပြောင်းများစိုက်ပျိုးရာတွင် အစိုဓာတ်ကောင်းစွာရရှိရန်လိုအပ်ပြီး နွေနှင့် ဆောင်းတွင် စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ် ရေလုံလောက်စွာရရှိရန် ပြုလုပ်ပေးရကြောင်း၊ စိုက်ပျိုးပြီးနှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်း ခုတ်၍ရောင်းချနိုင်ကြောင်း၊ မင်းဘူးမြို့၏ လက်ရှိ ပြောင်းဖူးဈေးနှုန်းများမှာ လက်လီဈေးတစ်ဖူးလျှင် ကျပ် ၂၀၀၊ လက်ကားဈေး ကျပ် ၁၈၀ ဈေးပေါက်နေကြောင်း သိရသည်။

ပြောင်းဖူးများစိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက် အစေ့ချ၍ စနစ်တကျစိုက်ပျိုးခြင်းဖြင့် ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ရှင်သန်ကြီးထွားပြီး အဖူးများကိုလည်း ချောစေကြောင်း၊ ပြောင်းဖူးပင်များမှာ တစ်ဧက အပင်ရေ ၁၀၀၀၀ ဝန်းကျင်ရှိပြီး တစ်ပင်လျှင်သုံးဖူးလေးဖူးအထိဖူးကာ ပြောင်းစိုက်ပျိုးသူများအဆင်ပြေနေကြသောကြောင့် အားထား၍ ပိုမိုစိုက်ပျိုးလာကြကြောင်း မင်းဘူး (စကု) မြို့နယ် ကျောက်တန်းကျေးရွာ ဖူးစားပြောင်းစိုက်ပျိုးသူ ဦးဆန်းထွန်းထံမှ သိရသည်။

**ဇေယျာထက် ( မင်းဘူး )**



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုးတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



# ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်

**မင်းဘူး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးလှသန်းထံမှ သိရသည်။

"ဆင်စခန်း ပြန်လည်ဖွင့်လှစ်ချိန်မှာ ခရီးတိုဆင်စီးရင်း တောတောင်ရေမြေနဲ့ စိမ်းစိုသာယာလှပတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအားလုံး ဆောင်ရွက်ပေးနိုင်ဖို့ အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပဖို့နဲ့ စိမ်းလန်းစိုပြည်စေဖို့ အရိပ်ရအပင်နဲ့ ပန်းအလှပင်တွေကိုလည်း တိုးချဲ့စိုက်ပျိုးထားပါတယ်။ ဆင်စခန်း ပြန်လည်ဖွင့်လှစ်ချိန်မှာ မန်းချောင်းဘေး ဆင်တွေနဲ့အတူ ရေချိုးရင်း အပန်းဖြေနိုင်စေဖို့ ယာယီတဲတား၊ တည်းကျောင်းနဲ့ အလှဆင်တာတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးလှသန်းက ပြောသည်။

ရွှေစက်တော် မန်းချောင်း အပန်းဖြေဆင်စခန်းကို ဖွင့်လှစ်ချိန်အဖြစ် နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားကြောင်း၊ ဆင်ထီးလေးကောင်၊ ဆင်မခုနစ်ကောင် စုစုပေါင်း ဆင်၁၁ ကောင်ရှိပြီး ပြည်တွင်းခရီးသွားတစ်ဦးလျှင် ဆင်စခန်းဝင်ကြေးကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခ ကျပ် ၅၀၀၀ နှုန်း၊ ပြည်ပနိုင်ငံခြားသားတစ်ဦးလျှင် ဝင်ကြေးကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခ ကျပ် ၁၀၀၀၀ နှုန်း၊ တည်းခိုဆောင်အနေဖြင့် ဘန်ဂလို ၁၁ လုံးရှိပြီး တည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွှေစက်တော်မန်းချောင်း အပန်းဖြေဆင်စခန်းအပါအဝင် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း Elephant Conservation Based Tourism (ECBT) စခန်း ၂၂ ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ ဇန်နဝါရီ ၁၆

၂၀၂၂ ခုနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခန့်က ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်က ပြိုင်ပွဲတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးသော ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အားလည်းကောင်း၊ ပြည်နယ်အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာသီသီဝင်းက ဒိုင်အဖွဲ့အားလည်းကောင်း ဂုဏ်ပြုငွေများပေးအပ်ခဲ့ပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ငါးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရ လှိုင်းဘွဲမြို့နယ်အသင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး မျိုးမင်းနောင်က ဒုတိယဆုရ ကော့ကရိတ်မြို့နယ်အသင်းတို့အား တစ်ဦးချင်း လည်ဆွဲနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ငါးယောက်တွဲပြိုင်ပွဲပထမဆုရဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။


ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ဇနီးက အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ်အသင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၏ဇနီးက ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်က ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၏ဇနီးက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် တတိယဆုရရှိသော ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ဒုတိယဆုရရှိသော ဖာပွန်မြို့နယ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ဦးသိန်းကိုကိုက ပထမဆုရရှိသော ဘားအံမြို့နယ်တို့အား ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရရှိသောအသင်းများက ပြန်လည်သရုပ်ပြတင်ဆက်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက အားကစားသမားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခေါင်းလောင်း(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)**

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း[ရွှေမန်းတောင်တိုင်းရင်းဆေးတိုက် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း)]၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**
**(ရန်ကုန်တိုင်းဒေသကြီး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)**

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးပေါ်ညိမ်း-ဒေါ်မြဖြူအောင်**
**ကံသာတိုင်းရင်းဆေးတိုက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)**

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဇော်-ဒေါ်စီစီမော်**
**အောင်ထိပ်တန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၅)၊ တတိယထပ်(၃-ဘီ)၊ (ခြေရင်းခန်း)တိုက်ခန်း ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်တို့ ဦးသန်းအေး [၁၂/ပဘတ(နိုင်)၀၁၀၂၉၉]၊ ဒေါ်ယဉ်ယဉ်မေ[၁၂/ပဘတ(နိုင်)၀၁၀၂၉၈]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်လှဲ့[၆/ရဖန(နိုင်) ၀၀၁၄၈၁]ကိုယ်စား မောင်ဌေးလင်းအောင်[၆/ရဖန(နိုင်)၀၃၃၁၅၈]နှင့်ဒေါ်ခင်စန္ဒာထွန်း[၆/ရဖန(နိုင်)၀၂၂၂၄]တို့ထံသို့ ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်ပါမည်။

**ဦးသန်းအေး [၁၂/ပဘတ(နိုင်)၀၁၀၂၉၉]**
**ဒေါ်ယဉ်ယဉ်မေ[၁၂/ပဘတ(နိုင်)၀၁၀၂၉၈]**
**ဖုန်းနံပါတ်-၀၉-၂၅၃၁၉၀၀၇၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၁၂)ရပ်ကွက်၊ (၂၂)လမ်း၊ တိုက်အမှတ်(၃၀၂/ခ)၊ (၁)ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦ၏ (ပထမ)ထပ်အကျယ်အဝန်း (၁၈'x၅၄')ရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဌေးဝင်း[၁၂/လကန(နိုင်) ၀၄၄၁၂၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သူဇာငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၀၁)**
**အမှတ်(၇၈၃)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မဝင့်သူဇာ[၁၀/သဖရ(နိုင်)၁၃၇၁၀၆]၊ မောင်ကောင်းဇေယံ[၁၀/သဖရ(နိုင်)၁၇၅၉၇၀]၊ မောင်ရှင်းသန့်ထူး[၁၀/သဖရ(နိုင်)၁၉၁၁၅၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာသည်မှာ-

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျောင်းပိုင်းရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်(၂၆)နေ ဒေါ်အေးအေးမော်[၁၀/သဖရ (နိုင်)၀၃၂၆၀၄]သည် ကျွန်ုပ်၏မိတ်ဆွေ(၃)ဦး၏ မိခင်အရင်းတော်စပ်ပြီး ၎င်းအနေဖြင့် မိမိ၏သဘောဆန္ဒအလျောက် အထက်ပါနေအိမ်မှ စွန့်ခွာထွက်သွားပါကြောင်း၊ ထွက်သွားပြီးနောက်ပိုင်း ကျွန်ုပ်၏မိတ်ဆွေ(၃)ဦးနှင့်လည်း အဆက်အသွယ်တစ်စုံတစ်ရာ မရှိပါကြောင်း။

ထို့အတွက် ယနေ့ကြေညာသည့်နေ့ရက်မှစ၍ ဒေါ်အေးအေးမော်နှင့်ပတ်သက်သည့် ပြဿနာအရှုပ်အရှင်းကိစ္စရပ်အဝဝသည် ကျွန်ုပ်၏မိတ်ဆွေ(၃)ဦးနှင့် လုံးဝပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်မောင်(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၃၃)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံ မ/န ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၀၄၉၄၆**

# ဝမ်းနည်းကြေကွဲခြင်း

# ဦးစိန်အောင်

## ဒုတိယညွှန်ကြားရေးမှူး

## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စိမ်းလဲ့ကန်သာဝင်းနေ (ဦးစိုးရ-ဒေါ်ငွေကြည်)တို့၏သား၊ ဒေါ်နန်းလှရင်၏ ခင်ပွန်း၊ မောင်ကျော်သက်အောင်၊ မောင်သန့်ဖြိုးအောင်တို့၏ ဖခင်ဖြစ်သူ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်အောင်သည် ၁၅-၁-၂၀၂၂ရက် (စနေနေ့) ညနေ ၁၇:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့်ဇနီး၊**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)**

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စန္ဒီပရဆေးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)**

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကြည်ဝင်း-ဒေါ်အေးအေးလှိုင်**
**ဆန္ဒမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့် ရွာမရပ်ကွက်၊ ကွင်းအမှတ်(၅၂၇/အေ)၊ ဦးပိုင်အမှတ်(၄၄)၊ နှစ်ကာလကြာရှည်စွာ လက်ရှိလက်ဝယ်စဉ်ဆက်မပြတ်ပိုင်ဆိုင်လုပ်ကိုင်လာခဲ့ပြီး ခြံစည်းရိုးကျောက်တိုင်ကာရံထားသည့် မြေနေရာအတွင်းရှိ ဧရိယာ (၃.၃)ဧကရှိသည့် လယ်မြေအမျိုးအစား မြေကွက်အားအဆက်အစပ် စာချုပ်စာတမ်းများဖြင့် စဉ်ဆက်မပြတ် လက်ရှိလက်ဝယ် ပိုင်ဆိုင်သူ ဦးစိန်လှဝင်း[၉/မမန(နိုင်)၀၁၀၂၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်း B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၂)**
**အမှတ်(၄၀၈)၊ ဗညားဒလလမ်း၊ ဗျိုင်းရေအိုးစင်ကွက်သစ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၉၀၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လှူနေရပ်ကွက်အမှတ်(ဃ)၊ ပိတောက်လမ်း၊ မြေကွက်အမှတ်(၆၂၇)၊ အကျယ်ပေ(၅၄၃၆.၅ စတုရန်းပေ၊ ၀.၁၂၄ ဧက)ရှိ ဦးမြတ်လှအမည်ပေါက်နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်ဇင်မာချစ်[၁၂/အစန(နိုင်) ၁၇၉၄၃၈]ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ (၃၁-၁-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊**
**ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊**
**ဖုန်း-09-255779105**

# သင့်

## သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလအောင်

ဘူမိဗေဒအရာထမ်း(ငြိမ်း)

## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၅)၊ နွယ်သာဂီလမ်းနေ (ဦးတိတ်ပို-ဒေါ်ပိုလျံ)တို့၏ သား၊ (ဦးသိန်းဟန်)-ဒေါ်မြသိန်းတို့၏ သားသမက်၊ ဒေါ်ဝင်းဝင်းမြင့်၏ ခင်ပွန်း၊ (ဦးမောင်ကြီး)-ဒေါ်မြင့်ကြည်၊ (ဦးထွန်းလွင်-ဒေါ်အေးကြည်)၊ (ဦးလဝင်း-ဒေါ်မြင့်မြင့်စိန်)၊ (ဦးလဝေ)-ဒေါ်ဝင်းတင်၊ ဒေါ်မြကြည်၊ ဒေါ်ဝင်းကြည်တို့၏ မောင်၊ ဒေါက်တာကျော်မင်း-ဒေါ်ခင်အေးရွှေ(ခေတ္တ-USA)၊ ဦးဇော်မြင့်-ဒေါ်ဇင်မာလှိုင်တို့၏ အစ်ကိုသည် ၁၄-၁-၂၀၂၂ (သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၂၂ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂-I)၊ မြေကွက်အမှတ်(၄၃၈R/၁A၁)၊ ဧရိယာ(၀.၁၃၆)ဧက ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၇၀/A)ဟု ခေါ်တွင်သည့် မြေကွက် အဆောက်အအုံအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါမြေကွက်နှင့် အဆောက်အအုံကို တရားဝင်အမည်ပေါက် ပိုင်ရှင် ဒေါ်မို့မို့ဝင်း[၁၂/ပဘတ(နိုင်)၀၀၉၈၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(လိုင်စင်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

ပုသိမ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်လှိုင်မြင့်(ကျုံမငေး)**

ရွှေမန်းတောင်ဆေးတိုက်

## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း(ရွှေမန်းတောင်ဆေးတိုက်) ပုသိမ်အသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ၏ ချစ်လှစွာသောဇနီး၊ ဦးကောင်းဝင်းရှိန်-ဒေါ်ခင်ချိုချိုသင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်တင်မေဝင်း၊ ဦးအောင်မိုးလွင်-ဒေါ်ခင်သူဇာဝင်းတို့၏ မိခင်ကြီး၊ ဒေါ်ခင်လှိုင်မြင့်(ကျုံမငေး)သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များသိရှိနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

# မူးယစ်ကို ပစ်

# ပန်းတိုင်သစ်

# စိတ်သစ်

# လူသစ်

# ဘဝသစ်

## "မောင်ရန်ပိုင်ထွန်း(ဘ)ဦးမျိုးဝင်းညွန့်[၁၄/မမန(နိုင်)၃၂၆၉၄၃]နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ စံချိန်သစ်လမ်း၊ အမှတ်(၂၉၀)၊ မြေညီ(ညာ)နေ မရွှေဇင်ဝင်း[၁၂/ရကန(နိုင်)၀၉၀၀၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေနှင့် မောင်ရန်ပိုင်ထွန်းတို့သည် (၇-၈-၂၀၂၀)နေ့မှစ၍ အကြင်လင်မယားများဖြစ်ခဲ့ကြပြီး အထက်ဖော်ပြပါလိပ်စာတွင် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ (၁၁-၁၀-၂၀၂၁) ရက်နံနက်တွင် ခင်ပွန်းဖြစ်သူ၏မိခင် ဒေါ်သဇင်ချိုမှ ခေါ်သည်ဟုဆိုကာ မြောင်းမြမြို့သို့ထွက်ခွာသွားပြီး ယနေ့အချိန်ထိ အဆက်အသွယ်ပြုခြင်း၊ မိဘများနေအိမ်သို့သွားရောက်ရှာဖွေသော်လည်း မတွေ့ရှိခြင်း၊ ခင်ပွန်းဖြစ်သူ၏ဖုန်းကို အကြိမ်ကြိမ်ခေါ်ဆိုခဲ့သော်လည်း ဖုန်းမကိုင်ဘဲ တိမ်းရှောင်နေခြင်း၊ ထို့အပြင် ခင်ပွန်းဖြစ်သူမှ Facebook စာမျက်နှာပေါ်တွင် လင်မယားပေါင်းသင်းခြင်း မရှိတော့ကြောင်း ဖော်ပြရေးသားထားခြင်းများရှိခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ခင်ပွန်းဖြစ်သူတို့သည် မည်သည့်ပြဿနာမျှ မျက်နှာချင်းဆိုင် ဖြေရှင်းဆောင်ရွက်ရသေးခြင်း တစ်ခုမျှမပြုလုပ်ရသေးဘဲ တစ်ဖက်သတ် ရေးသားချက်များသာဖြစ်သည့်အတွက် မောင်ရန်ပိုင်ထွန်းအနေဖြင့် ဤကြေညာစာပါပြီး (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ဖြေရှင်းပေးစေလိုပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်နစ်နာအောင်တမင်ကြံရွယ်၍ အားပေးအားမြှောက်ပြုသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာရွှေ LL.B(ADVOCATE)(H.R.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၄၉/၁၃) ဖုန်း-၀၉-၄၃၁၅၇၁၃၈**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- အိမ်အတွင်းနှင့် ခြံဝင်းအတွင်း ရေပိုက်မလုံမှု၊ ရေဘုံဘိုင် ရေစိမ့်မှု တို့ကို ပြုပြင်ပါ။
- ရေယိုစိမ့်မှုကြောင့် ရေတင်ချိန်ပိုများလေ မီတာခ ပိုကုန်ကျမှု ဖြစ်စေပါမည်။



## အပြင်ထွက်တိုင်း

ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့** ဖတ်စရာ

## PDF အမည်ခံ အကြမ်းဖက်သမားများက မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂၅၀၀ ဝင်းအတွင်း လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ

စာမျက်နှာ » ၁၅



## ရသစုံလင် ပြုံးပျော်ရွှင်

စာမျက်နှာ ၂၀၊ ၂၁

## ရွှေစက်တော် မန်းချောင်းအပန်းဖြေဆင်စခန်းကို ပြန်လည်ဖွင့်လှစ်ရန်ပြင်ဆင်



စာမျက်နှာ » ၂၅



PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်၊ မီးရှို့ဖျက်ဆီးခဲ့သော LP Gas အရည်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေစဉ်။

## မြဝတီမြို့မှ LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်၊ မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၁၆

ကရင်ပြည်နယ် မြဝတီမြို့မှ ထင်းအစားထိုးလောင်စာဆီအဖြစ် အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်(LP Gas)များသယ်ဆောင်လာသည့် မော်တော်ယာဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

## နိုင်ဂျီးရီးယားအသင်း အာဖရိကနိုင်ငံများဖလား ၁၆ သင်းအဆင့်တက်လှမ်း

နိုင်ဂျီးရီးယား အသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲ အုပ်စု(D)ရဲ့ အုပ်စုအဆင့် ဒုတိယ ပွဲစဉ်အဖြစ် ဆူဒန်အသင်းနဲ့ ဇန်နဝါရီ ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဆူဒန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် အာဖရိကနိုင်ငံများဖလား ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

အခုပွဲစဉ်မှာ နိုင်ဂျီးရီးယား အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် သုံးမိနစ်မှာ ချူကွေဇီ၊ ပွဲကစားချိန် ၄၅ မိနစ်မှာ အာဝိုနီယီနဲ့ ပွဲကစားချိန် ၄၆ မိနစ်မှာ ဆီမွန်တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး **စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ○




## အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသမီးအသင်း ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားသည်။

အာရှဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ- ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်- ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ- ဦးခင်မောင်ထွေး၊ ဦးဘိုဘိုအောင်၊ ဒေါ်သူဇာထွေး၊ ဂိုးနည်းပြ- ဦးယဉ်မင်းအောင်၊ အသင်းဆရာဝန်- ဒေါက်တာယုနန္ဒာထွန်း၊ အကြောကျွမ်းကျင်- ဦးလွင်ဦးကို၊ Media officer- ဦးအောင်သော်ဖြိုး၊ Video Analyst- ဦးမြတ်စိုးသူ၊ Security Officer -ဒေါ်ဆုပြည့်စုံအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ ဖူးလတ်နဒီ၊ ခိုင်ဇာဝင်း၊ နောက်တန်း- အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ အိအိကျော်၊ ခင်သန်းဝေ၊ အလယ်တန်း- သင်းသင်းယု၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ဝင်းဝင်း၊ နော်ထက်ထက်ဝေ၊ **စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ❖